# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၇)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၈–၈–၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၇**

အဆင့်မြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း (LAC)၊ ပထမထပ်သင်တန်းခန်းမ (MOLA Lecture Hall) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိပညာပြန့်ပွားရေးမှာ တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းတွင် ဥပဒေအသိပညာရှိသင့်သည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရလည်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်း၏ ရည်ရွယ်ချက်မှာ ဥပဒေအသိပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာဌာနများတွင် အရာထမ်းဝန်ထမ်းများကို ဥပဒေအသိပညာရှိစေရန် လုပ်ဆောင်ရမည်ဟု လမ်းညွှန်ချက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများက မိမိတို့ထံမှ ဆရာများကို ဟောပြောပို့ချပေးရန် တောင်းဆိုသည့်အခါတွင် မိမိတို့အနေဖြင့် ပင်မလုပ်ငန်းများအပြင် သင်တန်းပေးခြင်းကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေပါကြောင်း၊ ယခုသင်တန်းတွင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်များကို ပို့ချနေခြင်းမှာ Training for Trainer ဖြစ်ပြီး မိမိဌာနတွင် ဆင့်ပွားသင်တန်းပေးနိုင်ရန် ရည်ရွယ်ပါကြောင်း။

ယခုသင်တန်းမှာ ရက်ပေါင်း ၄၀ စာသင်ချိန် တစ်ချိန်လျှင် မိနစ် ၅၀ အချိန် ၈၀ သင်တန်းပေးမည်ဖြစ်ပြီး Case Study ၊ သင်တန်းဝင်ဆန်းစစ်ချက်နှင့် သင်တန်းဆင်းဆန်းစစ်ချက်များ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် မူကြမ်းရေးဆွဲခြင်းဘာသာရပ်၊ စီးပွားရေး စာချုပ်စာတမ်းများစိစစ်ခြင်းဆိုင် ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့အသုံးချမှုဘာသာရပ်၊ တရားမဆိုင်ရာဘာသာရပ်၊ အထွေထွေဥပဒေအကြံပေးဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို ဥပဒေရေးရာဝန်ကြီးဌာနမှ အတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများက ဖြန့်ဝေပေးမည်ဖြစ်ပါကြောင်း။

သင်တန်းသား၊ သင်တန်းသူအရာရှိကြီးများအနေဖြင့် သင်တန်းမှရရှိသော ဗဟုသုတများကို မိမိအတွက်သော်လည်းကောင်း၊ မိမိဌာနအတွက်သော်လည်းကောင်း၊ မိမိနိုင်ငံအတွက်သော်လည်းကောင်း ကောင်းစွာ အသုံးချစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တက်ရောက်လာကြသူများ၊ သင်တန်းသားများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

ဝ–ဝ–ဝ–ဝ–ဝ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။

## သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းကို နေပြည်တော်(ရုံးချုပ်)၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါနည်းပြသင်တန်းဆင်းအရာရှိများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သည့် တိုင်းအဆင့်နည်းပြသင်တန်းများတွင် ဆင့်ပွားရှင်းလင်းပို့ချလျက်ရှိသည်။ ထို့ပြင် ခရိုင်အဆင့်နည်းပြသင်တန်းများနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်ရက်များအတိုင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းသားများအနေဖြင့် ခရိုင်အဆင့် ဆင့်ပွားနည်းပြသင်တန်းများနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို ဆက်လက်ပို့ချဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် သင်တန်းမှပို့ချချက်များကို မိမိတို့၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ မြေပြင်တွင်ကြုံတွေ့ရမည့် အခက်အခဲများအပေါ် ကျော်လွှားဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းပညာအသုံးပြုမေးမြန်း ကောက်ယူမည်ဖြစ်သည့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တတ်ကျွမ်းနားလည်သိရှိထားကြရန် လိုကြောင်း၊ သတ်မှတ်ကောက်ကွက်များအလိုက် မထပ်မကျန် အပြည့်အဝကောက်ယူနိုင်ရေးအတွက်လည်း ဒေသအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ရုံးချုပ်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အားလုံးက တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ တိုင်းအဆင့်နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးရာတွင် မှာကြားခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လူငယ်သင်တန်းကျောင်း(မန္တလေး)တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်



**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက် (၅၂/အပြင်)၊ ၁၂ လမ်း၊ ၇၃ လမ်းထောင့် မန္တလေးလူငယ်သင်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မန္တလေးလူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ဦးစီးအရာရှိ ဒေါ်ပြုံးပြုံးကြည်နှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ ဒုတိယဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးနှင့် လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

**(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက လူငယ်နှင့် အားကစားအကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်နှင့် ရည်မှန်းချက်အကြောင်းကို လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြပြီး ကျောင်းအုပ်ဆရာကြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားမစတင်မီနှင့် အခမ်းအနားအပြီးတွင် လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၀၉၃)

## အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမရပူရမြို့၊ တောင်ကြီးရပ်ကွက် လောကမာရဇိန်ဘုရားမွှာရုံတွင် ပြုလုပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ပရိုဂျက်တာဖြင့် အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ တက်ရောက်လာကြသည့် ပြည်သူများ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါ တီရှပ်အင်္ကျီ ၅ ထည်၊ ဦးထုပ် ၁၀ လုံး၊ အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## ပျော်ဘွယ်မြို့နယ်၊ မယ်ဇလီအိုင့်ကျေးရွာတွင် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဩဂုတ် ၂၇**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် ပျော်ဘွယ်မြို့နယ်၊ ငွေးဇီးကျေးရွာအုပ်စု၊ မယ်ဇယ်လီအိုင့်ကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံအသစ်ကို ဆောက်လုပ်လျက်ရှိရာ စာကြည့်တိုက်အသစ်ဆောက်လုပ်မှုလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်နှင့် အဖွဲ့ဝင်များက ယနေ့ နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ဆောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**(အောက်ယာပုံ)**

ထိုကဲ့သို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ အဆောက်အအုံအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ကျေးရွာစာကြည့်တိုက်အသစ်များအား တည်ဆောက်ပေးလျက်ရှိရာ ပျော်ဘွယ်မြို့နယ်အနေဖြင့် ငွေးဇီးကျေးရွာအုပ်စု၊ မယ်ဇလီအိုင့်ကျေးရွာတွင် အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၃ ပေရှိ (Steel Structure Brick Nogging Building) ကျေးရွာ စာကြည့်တိုက်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်း



နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထိုသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်က သွားရောက်ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာ ယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူ လေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးသူရိန်ထွန်း ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား သမီးများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူငါးဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသားကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး သုံးဘာသာဖြင့် အောင်မြင်သော စစ်သည်တစ်ဦး၊ ဂုဏ်ထူး နှစ်ဘာသာဖြင့် အောင်မြင်သော စစ်သည်နှစ်ဦးနှင့် ကျောင်းအုပ်ကြီး/ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ငါးဦးအပါအဝင် စုစုပေါင်း ၂၉ ဦးတို့ ပါဝင်ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်အထိ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်သည်။



မောင်ကောင်းထက်သာ



မရှင်းသန့်မေ



ဒုတပ်ကြပ် သက်ပိုင်လင်း

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သား သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်များ၌ ရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှသာ လေ့လာရေးခရီး ပြန်လည်စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ် ထူးချွန်ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုလိုကြားသိရသည်။

**မောင်ကောင်းထက်သာ (ခြောက်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က အထက(၁) ဒဂုံကနေ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စာသင်နှစ်အစကနေ သင်ခန်းစာ တစ်ခုချင်းစီကို ပိုင်နိုင်အောင် ကျက်မှတ်ခဲ့ပါတယ်။ ဆရာ ဆရာမတွေ စာသင်ကြားရင် ဂရုစိုက်နားထောင်ပြီး အတတ်နိုင်ဆုံး မှတ်မိအောင်ကြိုးစားခဲ့ပါတယ်။ ကိုယ့်ဘာသာ စာပြန်ကြည့်တဲ့အချိန်ကိုလည်း အတတ်နိုင်ဆုံး အနည်းဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင်၊ စာပြန်ကြည့်ချိန်နဲ့ အနားယူချိန်မျှတအောင် စနစ်တကျ အချိန်ဇယားချမှတ်ပြီး ကျက်မှတ်ခဲ့ပါတယ်။ အခုလိုရလဒ်ကောင်းအောင်ပံ့ပိုးပေးကြတဲ့ မိဘနှစ်ပါးနဲ့ ငယ်စဉ်ကနေ အခုချိန်အထိ ပညာသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုခရီးစဉ်ကို လိုက်ပါခွင့်ရရှိအောင် စီစဉ်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မရှင်းသန့်မေ(ငါးဘာသာဂုဏ်ထူးရှင်)**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းကနေ ဂုဏ်ထူးငါးဘာသာရရှိခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာသလို ဂုဏ်လည်းယူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုနိုင်ငံမျိုးကိုသွားဖို့ဆိုတာ တော်ရုံမလွယ်တဲ့ အခွင့်အရေးပါ။ ဒါကြောင့် ဒီလိုခရီးစဉ်ကို စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ထူးရဖို့ တစ်နေ့စာတစ်နေ့ကျက်မှတ်ခဲ့ပါတယ်။ ပြီးတော့ ဆရာ ဆရာမတွေ သင်ကြားပြသတာကို အမြဲမပြတ် နားထောင်ပြီး လိုက်နာခဲ့ပါတယ်။ နားမလည်တာရှိရင် အချိန်မဆွဲဘဲ ချက်ချင်းမေးမြန်းပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ နိုင်ငံတော်ကို အကျိုးပြုနိုင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီလိုခရီးစဉ်ကို သွားရောက်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတပ်ကြပ် သက်ပိုင်လင်း (သုံးဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်ကတော့ ဒုတပ်ကြပ် သက်ပိုင်လင်းဖြစ်ပါတယ်။ ကျွန်တော်က ပညာရေးကျောင်းကနေ သုံးဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရရှိခဲ့တဲ့ဘာသာရပ်တွေကတော့ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဘာသာရပ်တို့ ဖြစ်ပါတယ်။ ကျောင်းမှာ ဆရာ ဆရာမတွေသင်ကြားပြသပေးတဲ့သင်ခန်းစာတွေကို ကြိုးစားပြီး ကျက်မှတ်လေ့လာခဲ့ပါတယ်။ လိုအပ်တဲ့သင်ခန်းစာတွေ၊ နားမလည်တဲ့ သင်ခန်းစာတွေကို ဆရာ ဆရာမတွေကို မေးမြန်းပြီး အထူးကျက်မှတ်လေ့လာပြီး အားထုတ်ခဲ့ရပါတယ်။ အဆင့်မြင့်သင်တန်းတွေ၊ တက္ကသိုလ်တွေတက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အလုပ်အကျွေးပြုနိုင်တဲ့ နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားသွားပါမယ်။ အခုလို ပြည်ပခရီးကို ကျွန်တော်တို့ တပ်မတော်သားတွေ အနေနဲ့ သွားရောက်ဖို့မလွယ်ကူပါဘူး။ လေ့လာရေးခရီး စီစဉ်ပို့ဆောင်ပေးတဲ့ တပ်မတော်အကြီးအကဲကို အထူးကျေးဇူးတင်ရှိပါတယ်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ(Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နိုးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာ





**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နိုးနှောဖလှယ်ပွဲ (The Belt and Road Integrity Construction Local Seminar between Yunnan, China and Southeast Asian Countries) သို့ တက်ရောက်ရန် ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ နိုးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထက်တို့ လိုက်ပါသွားကြကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နိုးနှောဖလှယ်ပွဲအား ကူမင်းမြို့၌ ဩဂုတ် ၂၈ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒေသတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံတကာကူးလူး ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရန်၊ နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုကို တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သော အစီအမံများ ဆောင်ရွက်ရန်နှင့် လိုက်လျောညီထွေမှုတည်ဆောက်ရန်တို့အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

## သာစည်မြို့ လူထုအခြေပြုပြဟိုဌာန၌ ရသလမ်းဆုံ စာဖတ်ဝိုင်းကျင်းပ




**သာစည် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မြို့နယ်မှ စာရေးဆရာများနှင့် ကျောင်းသားလူငယ်များ ပါဝင်သော ရသလမ်းဆုံ စာဖတ်ဝိုင်းကို ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေး(စာရေးဆရာခန့်စစ်အောင်)က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာအောင်ပိုင်က သုတရသစာပေများအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးပြီး စာဖတ်ကြရန်ပြောကြားသည်။ ထို့နောက် ကျောင်းသားလူငယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စာရေးဆရာအောင်ပိုင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ ရသလမ်းဆုံ စာဖတ်ဝိုင်းကို တစ်လလျှင် တစ်ကြိမ်ပြုလုပ်ပြီး မြို့နယ်မှစာရေးဆရာများက စာပေနှင့် ပတ်သက်၍ ကိုယ်တိုင်ရေးသားထားသည်များနှင့် အခြားသော စာရေးဆရာများ ရေးသားထားသည့် စာပေအကြောင်းအရာများကို မျှဝေခံစားပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် စာပေဝါသနာရှင်များကို စာများများ ဖတ်ကြရန် တိုက်တွန်းပြောကြားခြင်းနှင့် စာရေးသားနည်းများကို မျှဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မှ စာရေးဆရာများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၈၇)

## တံတားဦးမြို့နယ်တွင် စားဖိုဆောင် ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်း



**တံတားဦး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် တောင်သူများသည် ဒေသတွင်း ဝမ်းစာဖူလုံရေး၊ စားသုံးဆီဖူလုံရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးကြရာ ယခုအခါ စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများကို မိမိတို့နေအိမ်ခြံဝန်း နေရာများတွင်လည်းကောင်း၊ ယာခင်းများတွင်လည်းကောင်း မိုးဦးစတင်ရွာသွန်းသည်နှင့်တစ်ပြိုင်တည်း အသီးသီးစိုက်ပျိုးကြပြီး သဘာဝ အော်ဂဲနစ်သီးနှံများဖြစ်သည့် ရွှေဖရုံ၊ ခဝဲ၊ ချဉ်ပေါင်၊ သခွား၊ ရုံးမတီနှင့် ဖရဲအစရှိသော သီးနှံများကို ကျန်းမာရေးနှင့် ညီညွတ်သည့်အပြင် တောင်သူများ အများဆုံးနှစ်သက်ကြပြီး ထမင်းစားဝိုင်းတွင် မပါမဖြစ် စားသုံးကြသည့် ရာသီစာသီးနှံများဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးချိန်တွင် သီးနှံများအောင်မြင်စွာဖြစ်ထွန်းနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံများကို မြို့ပေါ်မှ ဝယ်ယူစားသုံးရန်မလိုဘဲ မိမိတို့စိုက်ပျိုးထားသည့် သီးနှံများကို အချိန်မရွေး ခူးဆွတ်စားသုံးနိုင်သည့်အပြင် ပိုလျှံပါက မိသားစုအပိုဝင်ငွေရရှိရေးအတွက် နှစ်စဉ်မိုးရာသီတွင် စိုက်ပျိုးကြကြောင်း တောင်သူ ဦးလှရှိန်ထံမှ သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး ယခုအခါ တောင်သူများစိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စားဖိုဆောင်သီးနှံမျိုးစုံ(၈၃၅)ဧက စိုက်ပျိုးထားကြောင်း သိရသည်။(ပြန်/ဆက်)

## မိုးနှမ်းများရိတ်သိမ်းပြီး ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိ

**နတ်မောက် ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဆီထွက်သီးနှံ မိုးနှမ်းလျင်သီးနှံများကို ၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်က စိုက်ပျိုးခဲ့ရာ ယခုဩဂုတ်လအတွင်း သီးနှံများ ရိတ်သိမ်းပြီး ဈေးကွက်သို့ နှမ်းလျင်များ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံဖြစ်သော နှမ်းလျင်၊ ပင်ထောင်မြေပဲများကို စိုက်ပျိုးခဲ့ရာတွင် နှစ်လနီးပါး မိုးလိုမိုးခေါင်ဖြစ်နေခဲ့ရာ ဇူလိုင်လဒုတိယမှာ ရွာသွန်းခဲ့သည့် မိုးရေဖြင့် မိုးဦးစိုက်သီးနှံများ အစိုဓာတ်ရရှိလာကြောင်း၊ ပင်ထောင်မြေပဲများသည် အပင်များ နွမ်းခြောက်နေရာမှ ဇူလိုင်လရွာသည့်မိုးဖြင့် ပြန်လည်စိမ်းလန်းစိုပြည်သကဲ့သို့ နှမ်းလျင်များလည်း နှမ်းလျင်သီးများ အောင်မြင်အလားအလာကောင်းလာကြောင်း၊ သို့ရာတွင် မိုးလိုမိုးခေါင်မှုကြောင့် အထွက်နှုန်းမှာ ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ဩဂုတ်လ ဒုတိယပတ်မှစ၍ ဖြစ်ထွန်းမှုရှိသည့် နှမ်းလျင်များကို ရိတ်သိမ်းလျက်ရှိကြောင်း ဝမ်းဘဲအင်းကျေးရွာ တောင်သူကိုကြည်ဝင်းက ပြောသည်။

နုတ်သိမ်းခြွေလှေ့ပြီးသည့် နှမ်းလျင်များကို နတ်မောက်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ နှမ်းအဖြူထိပ်စ တစ်ပိသာ ၉၅၀၀ ကျပ်ရောင်းချရပြီး နှမ်းအနီ တစ်ပိသာ ၉၁၀၀ ကျပ်နှုန်းဖြင့် ရောင်းချရကြောင်း ဒေသခံတောင်သူများထံက သိရသည်။

(မှူးမှူးစန်း)

# ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင် ရေဆင်းကောင်းစေရန်နှင့် ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင်ထိန်းသိမ်းရန် ရှေး/သုက ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်နေ

**ရန်ကုန် ဩဂုတ် ၂၇**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင်ရေဆင်းကောင်းစေရန်နှင့် ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင်ထိန်းသိမ်းရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း Bagan Arch မှ ထုတ်ပြန်ထားချက်အရ သိရသည်။



လက်ရှိတွင် ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်မှုများဖြစ်ပေါ်၍ ရေဆင်းကောင်းစေရန် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်နှင့်ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင် ထိန်းသိမ်းရန်အတွက် (၈၇'x၂၆') အတွင်း တစ်မီတာ Grid ကွက်များ Pattern ပြုလုပ်၍ စနစ်တကျ Documentation ပြုလုပ် ဆောင်ရွက်ခြင်း၊ သဲကျောက်ပြားများကို တိုင်းတာသုတေသန ပြုလုပ်ခြင်း၊ သဲကျောက်ပြားများ၏ ကြားလပ်နေသောနေရာတွင် အစားထိုးဖြည့်စွက်နိုင်ရေး ပုံထုတ်ရေးဆွဲခြင်း၊ ရေဆင်းကောင်းမွန်စေရေး သဲကျောက်ပြားကြားတွင် ရှိသော အင်္ဂတေလွှာများအား ဖယ်ရှား၍ Level ညှိခြင်းလုပ်ငန်းနှင့် ရွှေစည်းခုံဘုရားရှိ ကျောက်သပိတ်များ၏ ထုံးအင်္ဂတေများ ကြေးချွတ်သန့်စင်ခြင်းလုပ်ငန်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း Bagan Arch မှ အသိပေးထုတ်ပြန်ထားသည်။

ပုဂံဒေသသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်သော်လည်း ရာသီဥတုအပြောင်းအလဲများအရ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် မိုးရေများ ကောင်းစွာ မစီးဆင်းနိုင်ဘဲ ဘုရားများအနီးတွင် ရေဝပ်ခြင်း၊ ဘုရားစေတီများ၏ ပရိဝုဏ်အတွင်း ရေဝပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ပုဂံခေတ်ကတည်းကရှိခဲ့သော ရေလမ်းကြောင်းများမှာ လမ်းများ ဖော်ဆောင်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း စသည်တို့ကြောင့် ရေလမ်းကြောင်းများ ပိတ်ဆို့၍ ရေဝပ်ခြင်းများဖြစ်ပေါ်လာခြင်းဖြစ်၍ မူလရေလမ်းကြောင်းကို ဌာနအနေဖြင့် ပြန်လည်ဖော်ထုတ် လေ့လာခြင်းများ ဆောင်ရွက်သည့်အပြင် ရှေးဟောင်း အဆောက်အအုံ ပရိဝုဏ်အတွင်း ရေမဝပ်စေရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ထုတ်ပြန်ထားသော ဥပဒေများ၊ စီမံခန့်ခွဲရေးမူဘောင်များ၊ လမ်းညွှန်ချက်များအရ ဆောင်ရွက်လျက်ရှိကြောင်း ဌာနက အသိပေးထားသည်။

**MT**



# အ.ထ.က (စဉ့်ကိုင်)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် အ.ထ.က(စဉ့်ကိုင်)ရှိ သဇင်ခန်းမ၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန်၊ လူအများအလယ်တွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်၊ နှုတ်မှုစွမ်းရည်၊ အပြောစွမ်းရည်များ တိုးတက်လာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုတိုးတက်လာစေရန်တို့ကို ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းဆီက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကိုပြောကြား၍ 'လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ် တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန် လူငယ်စကားဝိုင်းများကို ကျင်းပရခြင်းဖြစ်ကြောင်း' ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက Moderator အဖြစ် ဦးဆောင် ဆွေးနွေးခဲ့ပြီး Grade-11(C)မှ ကျောင်းသူ မချစ်သဲပိုပို က 'လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11(C) ကျောင်းသား မောင်နိုင်ဥက္ကာလင်းက 'လူငယ်နှင့်ဆို ရှယ်မီဒီယာ' ခေါင်းစဉ် ဖြင့်လည်းကောင်း၊ Grade-11(A) ကျောင်းသား မောင်ပြည့်ဖြိုးမောင်က 'လူငယ်နှင့် စာဖတ်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade- 11(E) ကျောင်းသား မောင်ဟိန်းမင်းမြတ်က 'လူငယ်နှင့် စာကြည့်တိုက်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဦးစီးအရာရှိက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။ စကားဝိုင်းပြီးနောက် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အ.ထ.က(စဉ့်ကိုင်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းလူဦးရေ ၃၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**ကျော်စွာ(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန်၊ ဆီ(ရိက္ခာများ) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၇**

နိုင်ငံတော်ကာကွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မိမိတို့မြို့နယ်အတွင်း လုံခြုံရေးကိစ္စရပ်များတွင် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စိတ်အေးချမ်းသာယာစွာ လုပ်ကိုင်နိုင်စေရန်နှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အထောက်အပံ့ဖြစ်စေရန်အတွက် စသည်တို့ကို ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန်၊ ဆီ(ရိက္ခာများ)ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့်ဝန်ထမ်းများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များ၊ စုစုပေါင်း အင်အား ၅၀ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန် ၁၆၀ ပြည်၊ ဆီပိဿာ ၂၀ နှင့် ထောက်ပံ့ငွေကျပ် နှစ်သိန်း စုစုပေါင်း ထောက်ပံ့သည့် တန်ဖိုးငွေကျပ် တစ်ဆယ့်သုံးသိန်းကျပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ ၎င်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအနေဖြင့် ယခုလို မြို့နယ်အတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများတွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း စသည့် အကြောင်းအရာများကို နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

**(၃၉၉)**



# မိုးစပါးစိုက်ပျိုးရေးစီမံကိန်းအတွက် သွင်းအားစုပံ့ပိုးပေးအပ်

**ကလော ဩဂုတ် ၂၇**


ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ ဘုရားပျိုကျေးရွာတွင် မြို့နယ်သမဝါယမအသင်းစု၏ အစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်းအတွက် စိုက်ပျိုးရေး သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပံ့ပိုးပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းက သွင်းအားစုပံ့ပိုးပေးရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးက စိုက်ပျိုးရေး သွင်းအားစုပံ့ပိုးပေးရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ ဘုရားပျိုကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၃၇ ဦး၏ စပါးစိုက်ပျိုးရေးလုပ်ငန်းအား တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ညီမျှသောသွင်းအားစုကို ဧက ၃၅၀ အတွက် မြို့နယ်သမဝါယမအသင်းစု၏ အစီအစဉ်မှ အသင်းအချင်းချင်းပံ့ပိုးမှုဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းအတွက် စိုက်ပျိုးရေးသမဝါယမတောင်သူများကို တာဝန်ရှိသူများက သွင်းအားစုပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်





**မန္တလေး ဩဂုတ် ၂၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ဝန်ထမ်းများက စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် ကိုယ်တိုင်ကြော်လှော်ကာ စနစ်တကျသေသပ်စွာထုပ်ပိုးပြင်ဆင်၍ တက်ညီလက်ညီ စိတ်အားထက်သန်စွာပိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း၊ အသင့်စားခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊ ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ်၊ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ အစားအသောက် ၉ မျိုးအပြင် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တရားသောစစ်အောင်မြင်ပါစေ စသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြကြောင်းနှင့် အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မြို့တော်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် CCTV၊ ဆိုလာ၊ မီးပွိုင့်အစုံနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းမှုအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်








**မန္တလေး ဩဂုတ် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ လမ်းဆုံလမ်းခွများတွင် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလှူရှင်များက CCTV၊ ဆိုလာ၊ မီးပွိုင့်များနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့တော်စည်ပင်ရုံးထပ်ဆောင်တွင် ပြုလုပ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကျော်ဆန်းက အလှူငွေများ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယနေ့လာရောက်လှူဒါန်းသည့် အလှူရှင် MCTA International School မှ BOD အဖွဲ့ဝင်မိသားစုတို့က မန္တလေးမြို့၊ ၅၃ လမ်းနှင့် ၃၆ လမ်းဆုံတွင် ၂၄ နာရီ အသုံးပြုနိုင်ရန် ငွေကျပ် ၃၀၁ သိန်းတန်ဖိုးရှိသော CCTV ဆိုလာတစ်စုံနှင့် မီးပွိုင့်တစ်စုံကိုလည်းကောင်း၊ ဒေါ်ခင်သန်းမြင့်(မန္တလေး)နှင့် ဒေါ်ခင်မာ(မန္တလေး)တို့က ၃၈ လမ်းနှင့် ၈၄ လမ်းဆုံတွင် ၂၄ နာရီအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မီးပွိုင့်ကွန်ထရိုလာ တစ်စုံနှင့်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း လှူဒါန်းကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကျော်ဆန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ မီးပွိုင့်များအဆင့်မြှင့်တင်ခြင်း၊ အသစ်တပ်ဆင်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ဆောင်ရွက်ခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက်တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်ထိ မီးပွိုင့်ပေါင်း ၁၂၂ ခု ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



## ဟံသာဝတီယူနိုက်တက်ကို အနိုင်ယူကာ အဆင့် ၆ သို့ တက်ရောက်ခဲ့သည့် သစ္စာအားမာန်အသင်း

**ရန်ကုန် ဩဂုတ် ၂၇**

MNL (U-20) Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-13)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက ပဒုမ္မာကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ကြပြီး သစ္စာအားမာန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ (ဝဲပုံ)

သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် ထက်ဇေယျာမင်းက သွင်းပေးခဲ့သည်။ သစ္စာအာမာန်အသင်း တိုက်စစ်မှူး သန့်ဇင်အောင်သည် ပွဲချိန် ၆၅ မိနစ်တွင် တိုက်ရိုက်အနီဖြင့် ထုတ်ခံခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် နိုင်သေချာစေမည့် ဂိုးကို ပွဲချိန် ၉၀ မိနစ်တွင် ဇင်ဖြိုးအောင်က သွင်းပေးခဲ့သည်။

တစ်ယောက်လျော့ သစ္စာအားမာန်အသင်းသည် လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ထိန်းနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ နိုင်ပွဲကြောင့် သစ္စာအားမာန်အသင်းသည် ရမှတ် ၁၇ မှတ်ရရှိခဲ့ပြီး အဆင့် ၆ သို့ တက်ရောက်နိုင်ခဲ့သည်။ ရှုံးနိမ့်ခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းသည် ရမှတ် ၆ မှတ်ဖြင့် အဆင့် ၁၂ နေရာတွင် ဆက်လက်ရပ်တည်နေသည်။

***NGB***

*0-0-0-0-0*

*0-0-0*

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan နောက်ခံစကားပြောထားသည့် Chongqing ပြသပြီး လာရောက်သူများပြား၍ ချီးကျူးခံရ



တရုတ်အနုပညာရှင် ချုံချင့်မြို့သားရှောင်းကျန့်က စီစီတီဗွီ၏ National Treasures Do-euvaiety Chongqing အပိုင်းတွင် နောက်ခံစကားပြောထားပြီး ထုတ်လွှင့်ပြသခဲ့ရာမှ ပြတိုက်သုံးခုသို့ အလည်သွားသူများပြားခဲ့၍ ချီးကျူးခံခဲ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ခရီးစဉ်အတွင်း Xia Haolane က လာရောက်လည်ပတ်သူများပြားခဲ့၍ ကျေးဇူးတင်စာတစ်စောင်၊ ပို့စကတ်နှင့်အတူ ကြောင်ပုံကို လက်ဆောင်ပေး၍ ရှောင်းကျန့်ကို ချစ်ခင်ဂုဏ်ယူကာ ချီးကျူးစကားပြောကြားထားသည့်အတွက် ရှောင်းကျန့်မှာ ခရီးသွားသံတမန်တစ်ဦးဖြစ်ခဲ့ရသည်။

ရှောင်းကျန့်သွားခဲ့သည့် Xia Haolane က Check in လုပ်သူများကို လက်ဆောင်ပေးရုံသာမက ရှောင်းကျန့်အတွက် ကျေးဇူးတင်စာတွင် လှပသောနွေလယ်ခေါင်၌ ရှောင်းကျန့်ရောက်ရှိလာ၍ မမျှော်လင့်ထားသောပျော်ရွှင်မှုကြီးမားစွာရရှိခဲ့ပြီး အင်တာနက်တစ်ခွင် ပရိသတ်အားပေးမှုနှင့် ချစ်ခြင်းများကို နားလည်ခံစားခဲ့ရကာ ချုံချင့်၏ ယဉ်ကျေးမှုနှင့် ခရီးသွားဆိုင်ရာလုပ်ငန်း၏ ဂုဏ်ယူစရာဖြစ်ခဲ့ကာ ချုံချင့်၏ ဂုဏ်ဆောင်သူလည်းဖြစ်ခဲ့သည်ဟု ရေးသားထားသည်။ (SKY)



## ရွေ့လျားနေသော အီလက်ထရွန်များကို ဓာတ်ပုံရိုက်ရန် မြန်နှုန်းမြင့် အဏုကင်မရာစနစ်တစ်မျိုးတီထွင် ဖန်တီး

အက်တမ်ကို ပရိုတွန်၊ နျူထရွန်နှင့်အီလက်ထရွန်တို့ဖြင့် ဖွဲ့စည်းထားသည်။ အက်တမ်၏အလယ်တွင်ရှိနေသော ပရိုတွန်နှင့် နျူထရွန်ကို အီလက်ထရွန်က အဆက်မပြတ်ရွေ့လျား လှည့်ပတ်နေသည်။

သို့ရာတွင် အီလက်ထရွန်ကိုဓာတ်ပုံရိုက်ယူရန်ထိုပညာရှင်များ နည်းအမျိုးမျိုးဖြင့် ကြိုးစားဖူးသော်လည်း အချည်းအနှီးပင်ဖြစ်ခဲ့သည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စု အာရီဇိုးနားတက္ကသိုလ်မှ မိုဟာမက်ဟာတ်ဆန် ဦးဆောင်သောသုတေသီများ၏ ဖန်တီးမှုရလဒ် ပေါ်ထွက်လာခဲ့ရာ အီလက်ထရွန်ကို ဓာတ်ပုံရိုက်ယူ လိုသူများအတွက် အားတက်စရာပင်ဖြစ်သည်။

အဆိုပါသုတေသီများသည် ရွေ့လျားနေသောအီလက်ထရွန်များကို တစ်စက္ကန့်၏ ကုဋေသန်းတစ်သိန်းပုံတစ်ပုံ အမြန်နှုန်းဖြင့် ဓာတ်ပုံရိုက်ရန် အဏုကင်မရာစနစ်တစ်မျိုးတီထွင် ဖန်တီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (SCI)

## Song Hye Kyo နှင့် Gong Yoo တို့ ဇာတ်ကားသစ်ရိုက်ရန် လက်ခံထားကြ

၂၀၂၄-၂၀၂၅ ခုနှစ်အတွက် စာရေးဆရာမနွန်၏ ဒရမ်မာသစ်၊ စတူရီယိုဒရယ်ဂွန်၏ ထုတ်လုပ်မှု ဇာတ်လမ်းအသစ် စာရင်းတွင် ဇာတ်ကားသစ် သရုပ်ဆောင် ဆောင်ဟေကိုနှင့် ဂေါင်ယိုဟု ဖော်ပြထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ကျော်စာရေးဆရာမနွန်၏ လက်ရာသစ်ဖြစ်ပြီး ထိပ်တန်းဝါရင့်သရုပ်ဆောင်များ ပါဝင်ထားကာ အတွဲထူးသော ဆောင်းဟေကိုနှင့် ဂေါင်ယိုတို့ အဓိကပါဝင်ထား၍ ပရိသတ်စိတ်ဝင်စားမှု ရှိခဲ့ကြသည်။



မင်းစာချစ်သူမှ မင်းစာမင်းသားဂေါင်ယိုက လွန်ခဲ့သောနှစ်များစွာကပင် မင်းသမီးဆောင်းဟေကိုနှင့်အတူ သရုပ်ဆောင်လိုကြောင်း ဆန္ဒရှိခဲ့ရာမှ ဇာတ်ကားသစ်တွင် အတူပါဝင်ခွင့်ရ၍ လက်ခံခဲ့ပြီး ပရိသတ်များကလည်း သူတို့နှစ်ဦးပါဝင်မှုကိုနှစ်ခြိုက်နေကြသည်။ (SKY)



## V@ Kim Taehyung က ဓာတ်ပုံဆရာမွေးနေ့ကို လက်ဆောင်ပေး၍ ဆုတောင်းထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းသည် သူ၏ ဓာတ်ပုံဆရာ ဟွန်ကျောင်ဟွမ်၏ မွေးနေ့တွင် လက်ဆောင်ပေး၍ ဆုမွန်ကောင်းတောင်းပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့ဝင်များတွင် ဗွီသည် ထူးခြားသောစတိုင်လ်ရှိပြီး ဓာတ်ပုံရိုက်ရာတွင် ဆွဲဆောင်မှုအရှိဆုံးသူဖြစ်သည်ဟု ဓာတ်ပုံဆရာဟွန်ကျောင်ဟွမ်က မှတ်ချက်ပေးထားပြီး နှစ်ဦးသားရင်းနှီးမှုရှိကြကာ ဂေါက်သီးအတူ ရိုက်ခဲ့ကြသည်။

ဗွီက သူတို့နှစ်ဦး ဂေါက်သီးရိုက်သောပုံနှင့် မွေးနေ့လက်ဆောင် ပန်းရောင်ထီးလေးပေးခဲ့ကာ ဆုမွန်ကောင်းတောင်းပေးထားသည်ကို ဟွန်ကျောင်ဟွမ်ကလည်း တခုတ်တရ ကျေးဇူးတင်စကားပြော၍ ပရိသတ်ကို ပြန်လည်မျှဝေပေးထားသည်။

တောင်ကိုရီးယား ဂီတစီးပွားရေးအပေါ် လွှမ်းမိုးမှု အရှိဆုံး ထိပ်ဆုံးသုံးဦး စာရင်းဝင်မီလျှံနာသူဌေး ဗွီ(ခေါ်)ကင်ထယ်ယောင်း ပေးသော မွေးနေ့လက်ဆောင်ကို ပရိသတ် စိတ်ဝင်စားခဲ့ကြသည်။ (SKY)

## Xiao Zhan ၏ ရုပ်ရှင်သစ် De Xian Jin Zhi ရိုက်ကူးရေးစ

တရုတ်အနုပညာရှင် အဆိုတော်၊ သရုပ်ဆောင်ရှောင်းကျန့်၏ ရုပ်ရှင်သစ် De Xian Jin Zhi ရိုက်ကူးရေး စတင်နေပြီဖြစ်ပြီး ၂၀၂၅ခုနှစ်တွင် ပြသမည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ Anti Japanese အတွင်းစစ်ပွဲကို ရှောင်ရှားကြမည့်လူများအကြောင်း ရိုက်ကူးထားရာ ၁၉၄၃ခုနှစ်ဝန်းကျင် ရီချန်တွင် ဂျပန်စစ်ဖြစ်ခဲ့ပြီး လွတ်မြောက်ခြင်းမရှိ မျက်နှာချင်းဆိုင်တိုက်ခိုက်ခြင်းနှင့် စိတ်၏အားပြိုင်မှုများနှင့်အတူ ရီချန်မြို့၏ ကျက်သရေဆောင်များကို ရိုက်ကူးပြသမည်ဖြစ်သည်။

ရိုက်ကူးရေးစတင်နေပြီဖြစ်ပြီး ယင်းရုပ်ရှင်တွင် ဝမ်ရီဘိုကို ချစ်ခင်သော ဝါသနာတူ၊ စိတ်တူအချစ်ဆုံးသူငယ်ချင်းဖြစ်သည့် ရီကျန်းပါဝင်ထားသည်ကို တွေ့ကြရသည်။

ရှောင်းကျန့်၊ ပိန်ယူချန်း၊ ဒန်ရီဟောင်၊ နီဒါဟွန်း၊ ဟွမ်ယောင်၊ ရီကျန်းတို့နှင့်အတူ အနုပညာရှင်များစွာ ပါဝင်ထားကြသည်။ (SKY)



## Sanam Teri Kasam ရုပ်ရှင်ရှေးရိုးစွဲကြီးသော မိသားစုအကြောင်း ရိုက်ကူးထား

ဘောလိဝုဒ်အနုပညာလောကမှ ရိုက်ကူးထားသည့် ရုပ်ရှင် Saram Teri Kasam မှာ ရှေးရိုးစွဲကြီးသော မိသားစုမှ မိန်းကလေးတစ်ဦးဘဝအကြောင်း ရိုက်ကူးထားခြင်း ဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ရှေးရိုးစွဲကြီးသော မိသားစုမှ ရိုးအပြီးအပြုံးချိုချိုနှင့် ဉာဏ်ထက်မြက်သည့်သမီးကြီးမှာ မိသားစုထုံးစံအရ အိမ်ထောင်ချပေးမှုကိုစောင့်နေရာ၊ ညီမဖြစ်သူမှာ ခေတ်ဆန်ပြီး အစ်မကို အလှည့်စောင့်ရ၍ စိတ်မရှည်ဖြစ်နေခဲ့သည်။

မိဘများက မျိုးရိုးမြင့်မိသားစုကို သားမက်တော်ချင်တော်လည်း လာကြည့်သူတိုင်း ပုံတုံးရိုးအလွန်း၍ နောက်ဆုတ်ခဲ့ကြကာ၊ အိမ်ရှေ့ကွန်ဒိုမှ လူရမ်းကားလေးက ထိုအဖြစ်ကိုမြင်၍ သနားခဲ့သဖြင့် ကူညီပေးခဲ့ရာမှ ဖခင်ကသမီးကို အိမ်ကမောင်းထုတ်ခဲ့သဖြင့် လူရမ်းကားလေး ကသက်တော်စောင့် လုပ်ပေးခဲ့ပြီး ကာကွယ်ပေးရင်း ဇာတ်ပေါင်းခဲ့ပုံကို ရိုက်ကူးထားသည်။ (SKY)




## Twice မှ Sana က ကေပေါ့ပ် အနုပညာရှင်တစ်ဦး၏ အခက်အခဲများအကြောင်း ရင်ဖွင့်ထား

ကေပေါ့ပ်အနုပညာရှင်တစ်ဦးဖြစ်ရန် ခက်ခဲကြမ်းတမ်းသောလမ်းကို ဖြတ်ကျော်ရပြီး အိုက်ဒေါလ်တစ်ဦးဖြစ်ရန် ကြိုးစားခဲ့ရပုံကို တွိုက်စ်အဖွဲ့ဝင်ဆာနာက ရင်ဖွင့်ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်တန်းသားဘဝ မရောက်မီ Audition ပြိုင်ပွဲများကို လူပေါင်း၁၂၀မှ၁၀၀၊ ၁၀၀မှ၆၀၊ ၆၀မှ၂၄၊ ၂၄မှ၁၂ဦးထဲမှ တစ်ဦးသာအောင်နိုင်သူဖြစ်ခဲ့ကာ ကိုယ်ရောစိတ်ပါ ပင်ပန်းခဲ့ပြီး သင်တန်းသားဘဝ အကခန်းမတွင် ချွေး၊ သွေး၊ မျက်ရည်များနှင့် ပေးဆပ်ကြရသည်။

သင်တန်းတက်စဉ် အခန်းကျဉ်းထဲအိပ်ရကာ ဆာလောင်စိတ်၊ မိသားစုလွမ်းစိတ်များနှင့် မသေချာသည့် အိပ်မက်လမ်းကို မျက်ရည်စက်နှင့် လျှောက်ခဲ့ရပြီး အိုင်ဒေါလ်အိပ်မက် ဖြစ်ရပ်မှန်များစွာ ရှိခဲ့ကြသည်။

အောင်မြင်မှုရရန် ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရပြီး ရူးသွပ်မှုနှင့် ကြိုးစားခဲ့ရာမှ ပရိသတ်အဆဲခံ၊ အဝေဖန်ခံရကာ ရှိသမျှခွန်အားနှင့် ကြိုးစားခဲ့ရခြင်းဖြစ်ပြီး နာမည်ရလာလျှင်လည်း ခိုင်မြဲအောင် ထပ်မံကြိုးစားကြရသည်ဟု ဆာနာက ရင်ဖွင့်သွားသည်။ (SKY)

## INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## စက်တင်ဘာ ၁၀ ရက် စကားစစ်ထိုးပွဲအတွက် ကြိုတင်ပြင်ဆင်မှုအချို့ကို ထရမ့် ဘဝင်မကျ



**ဝါရှင်တန် ဩဂုတ် ၂၇**

ရှေ့လာမည့်စက်တင်ဘာ ၁၀ ရက်တွင် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်နှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်တို့နှစ်ဦး ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ပထမဆုံးအကြိမ် စကားစစ်ထိုးကြမည်ဖြစ်သည်။

ဒေါ်နယ်လ်ထရမ့်က စတင်စိန်ခေါ်သဖြင့် ပြိုင်ဘက်သမ္မတလောင်း ကာမာလာဟဲရစ်က လက်ခံသဘောတူညီခဲ့ရာမှ ထိုစကားစစ်ထိုးပွဲကို အတည်ပြုခဲ့ပြီးဖြစ်သည်။

သို့ရာတွင် စကားစစ်ထိုးပွဲ နီးကပ်လာမှ ကာမာလာဟဲရစ်ဘက်က ပြောင်းလဲရန်ကြိုးစားသော ကြိုတင်ပြင်ဆင်မှုအချို့ကို ထရမ့်ဘက်က ဘဝင်မကျဖြစ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦး စကားစစ်ထိုးမည့်အစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပေးမည့် အေဘီစီသတင်းဌာနအပေါ်တွင်လည်း ထရမ့် မကျေမနပ်ဖြစ်နေသဖြင့် ပွဲပျက်သွားနိုင်သည်ဟု အချို့က ထင်မြင်ယူဆနေကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ တင်သွင်းခြင်းကို ကနေဒါနိုင်ငံက ရာခိုင်နှုန်းပြည့် အခွန်ကောက်ခံမည်

**အော့တဝါ ဩဂုတ် ၂၇**

တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများတင်သွင်းခြင်းကို ကနေဒါနိုင်ငံက ရာခိုင်နှုန်းပြည့် အခွန်ကောက်ခံမည်ဟု ဩဂုတ် ၂၆ ရက်က အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံမှ သံမဏိနှင့် အလူမီနီယံသွင်းကုန်များကိုလည်း ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဟု ဆိုသည်။

တရုတ်လျှပ်စစ်ကားများနှင့် သက်ဆိုင်သော အခွန်ကောက်ခံမှုကို လာမည့် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း၊ သံမဏိနှင့် အလူမီနီယံသွင်းကုန်များနှင့် သက်ဆိုင်သော အခွန်ကောက်ခံမှုကို လာမည့် အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**



## ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သတိပေး

**ဝါရှင်တန် ဩဂုတ် ၂၇**

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ဩဂုတ် ၂၆ ရက်က သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တွန်ဂါကျွန်းတွင် လက်ခံကျင်းပသော ပစိဖိတ်ကျွန်းများဆိုင်ရာညီလာခံသို့ ၎င်းတက်ရောက်အမှာစကားပြောကြားစဉ် ထိုသို့ ထည့်သွင်းသတိပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်ကျရာမှ ပင်လယ်သမုဒ္ဒရာများထဲ၌ ရေပမာဏတိုးလာကာ ရေမျက်နှာပြင်မြင့်တက်နေခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**





## အာဖရိက၌ မျောက်ကျောက်ရောဂါထိန်းချုပ်ရန် ကာကွယ်ဆေး ၁၀၀၀၀၀ ဂျာမနီ လှူဒါန်းမည်ဟု ဆို

**ဘာလင် ဩဂုတ် ၂၇**

အာဖရိကတိုက်၌ ကူးစက်နေသော မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် ကာကွယ်ဆေး ၁၀၀၀၀၀ ကို ဂျာမနီက လှူဒါန်းမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျာမနီအစိုးရက ယင်းကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပို့ပေးမည်။ ထိုမှတစ်ဆင့် ဂါဗီကာကွယ်ဆေးမဟာမိတ်အဖွဲ့က မျောက်ကျောက်ရောဂါကူးစက်နေသော အာဖရိကနိုင်ငံများသို့ ဆက်လက်ပို့ပေးသွားမည်ဟုဆိုသည်။

လက်ရှိ ဂျာမနီနိုင်ငံတွင် ဂျင်နေယော့စ်ကာကွယ်ဆေး အလုံးရေ ၁၁၇၀၀၀ ရှိနေပြီး အလုံးရေ ၁၇၀၀၀ ကိုချန်ထားကာ ၁၀၀၀၀၀ လှူဒါန်းခြင်းဖြစ်သည်။

မျောက်ကျောက်ရောဂါကူးစက်မှုအခြေအနေ အဆိုးဆုံးဖြစ်သည့် ကွန်ဂို၊ ဘူရွန်ဒီနှင့် အရှေ့အာဖရိကနိုင်ငံများသို့ ကာကွယ်ဆေး အဆောတလျင်ရောက်ရှိနိုင်စေရန် ကူညီဆောင်ရွက်ပေးသွားမည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြောင်း သိရသည်။ **Mon**

STOP AIDS



## လက်ဝဲဝါဒီ အင်န်အက်ဖ်ပီပါတီဦးဆောင်သောအစိုးရကို လက်ခံမည်မဟုတ်ဟု ပြင်သစ်သမ္မတ ထုတ်ဖော်ပြော

**ပဲရစ် ဩဂုတ် ၂၇**

လက်ဝဲဝါဒီ အင်န်အက်ဖ်ပီပါတီဦးဆောင်သောအစိုးရကို လက်ခံမည်မဟုတ်ဟု ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် ဩဂုတ် ၂၆ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လက ကျင်းပပြီးစီးသွားသည့် ပြင်သစ် ဥပဒေပြုပါလီမန်ရွေးကောက်ပွဲတွင် မည်သည့်ပါတီကမျှ မဲအပြတ်အသတ်ဖြင့် အနိုင်မရခဲ့သော်လည်း လက်ဝဲဝါဒီအင်န်အက်ဖ်ပီပါတီက အမတ်အရေအတွက် ၁၉၀ ဦး ရရှိကာ ထောက်ခံမဲအများဆုံးဖြစ်ခဲ့သည်။

အမတ်အရေအတွက် ၁၆၀ ဦးဖြင့် ဒုတိယနေရာသာ ရရှိခဲ့သော အလယ်အလတ်ဝါဒီ နိုင်ငံရေးအင်အားစုအနေဖြင့် အင်န်အက်ဖ်ပီပါတီဦးဆောင်ကာ အစိုးရဖွဲ့စည်းရန် ခွင့်ပြုခဲ့ရသည်။

လက်ရှိဖွဲ့စည်းထားသော အစိုးရအဖွဲ့သည် လက်ဝဲယိမ်းနေသဖြင့် အခြား နိုင်ငံရေးအင်အားစုဝင်များဖြင့် ပြင်ဆင်ဖွဲ့စည်းပေးရန် သမ္မတ အီမန်နျူယယ်မာခရွန်က တောင်းဆိုလိုက်ကြောင်း သိရသည်။ **Mon**



**လာမည့် အောက်တိုဘာလတွင် သမ္မတသစ်တင်မြှောက်ရန် ဆုံးဖြတ်ခဲ့သော ဗီယက်နမ်ပါလီမန်အစည်းအဝေးကို ဩဂုတ် ၂၆ ရက်က ကျင်းပစဉ်။ Mon**

## ရှန်ရှန်ဟု အမည်ပေးထားသော တိုင်ဖုန်းမုန်တိုင်း ယခုအပတ်အတွင်း ဂျပန်နိုင်ငံထဲသို့ ဝင်ရောက်မည်

**တိုကျို ဩဂုတ် ၂၇**

ရှန်ရှန်ဟု အမည်ပေးထားသော တိုင်ဖုန်းမုန်တိုင်း ယခုအပတ်အတွင်း မိမိတို့နိုင်ငံထဲသို့ ဝင်ရောက်လာမည်ဖြစ်သည်ဟု ဂျပန်မိုးလေဝသပညာရှင်များ ကြိုတင်ခန့်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းအင်အားပြင်း တိုင်ဖုန်းမုန်တိုင်းသည် ဩဂုတ် ၂၈ ရက်တွင် ဂျပန်နိုင်ငံတောင်ပိုင်းရှိ အမမိကျွန်းကို ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိမည်ဟုလည်း ကြိုတင်ခန့်မှန်းထားသည်။

ရှန်ရှန်မုန်တိုင်းသည် တစ်နာရီ ၂၁၆ ကီလိုမီတာအထိ ပြင်းထန်သော လေတိုက်နှုန်းဖြင့် တောင်ဘက် ကျူးရှူးကျွန်းရှိရာအရပ်သို့ ဦးတည်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် အင်အားပြင်းမုန်တိုင်းများကျရောက်ကာ လှိုင်းကြီးမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာန၏ သတင်းစာရှင်းလင်းပွဲ၌ သတိပေးထားပြီးဖြစ်သည်။

အဆိုပါ ရာသီဥတုဆိုးရွားမှုများကြောင့် ပြည်တွင်းခရီးသည်တင်မီးရထားပို့ဆောင်ရေးနှင့် လေကြောင်းခရီးစဉ်များ အနည်းနှင့်အများ ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**



# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**မန္တလေး ဩဂုတ် ၂၇**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက မန္တလေး၊မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ စံပဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် စံပဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုယုသိန်းက အမှာစကားပြောကြားသည်။ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို-မန္တလေး)မှ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင်များဖြစ်သော ဦးဝင်းမင်းလှိုင်၊ ဒေါ်သင်းသင်းဦးတို့က မေးခွန်းများမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲစေရန် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။

ဟောပြောပွဲသို့ စံပဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဦးဝင်းနိုင်၊ မဟာအောင်မြေခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းဆီ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၇၀)**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ် အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီက သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အားဟူ ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ နှင့် ဘိန်းဖြူ အလေးချိန် ၂၅၇ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားဟူ(၃၃)နှစ် ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆီဘောက်ဆာ တွဲယာဉ်တိမ်းမှောက်မှု ဖြစ်ပွား

**ကလော ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ မိုင်တိုင်အမှတ်(၈၈/၇) နှင့် (၈၈/၀) ကြား၊ သီခေါင်တောင်ကျေးရွာအုပ်စု၊ သီခေါင်တောင်အဆင်း (ပထမကွေ့)၊ ကလော-တောင်ကြီးသွားကားလမ်းတွင် ဩဂုတ် ၂၅ရက် ည ၇ နာရီခွဲက (၂၂)ဘီး တွဲ ဆီဘောက်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ NISSAN UD-QUESTER (၂၂)ဘီး ဆီဘောက်ဆာတွဲယာဉ်သည် ဓါ၂ဆီ ၃၅၀၀ လီတာ၊ ဓါ၅ဆီ ၈၀၀၀ လီတာနှင့် ပရီမီယမ်ဒီဇယ်ဆီ ၃၀၂၇လီတာ တင်ဆောင်ပြီး ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာစဉ် ကလော-တောင်ကြီးသွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်နေရာသို့ ဟဲဟိုးမြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်ပန်းနယ်မြေမီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များသည် တိမ်းမှောက်နေသော (၂၂)ဘီး ဆီဘောက်ဆာတွဲယာဉ်အား မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ရေမှုန်၊ ရေမွှားပက်ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၇)**



## ငလျင်သဏ္ဍာန်တူဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြဆောင်ရွက်

**မိုင်းခတ် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ငလျင်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်မှုသရုပ်ပြခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (မိုင်းခတ်)၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါငလျင်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြရာတွင် ငလျင်လှုပ်ခတ်ပါက ဘေးအန္တရာယ်ကင်းလွတ်သည့်နေရာများတွင် နေထိုင်ကြရန် နှိုးဆော်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးပါက ပြိုပျက်သွားသည့် ထပ်မြင့်အဆောက်အအုံအား ရွှေ့ပြောင်းရှင်းလင်းခြင်း၊ ထပ်မြင့်အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ထပ်မြင့်အဆောက်အအုံပြိုကျမှုကြောင့် ကားအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ခြင်း၊ ထပ်မြင့်အဆောက်အအုံပေါ်မှ ပိတ်မိနေသည့်လူနာများအား ကယ်ဆယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ရာ အခြေခံပညာအထက်တန်းကျောင်း (မိုင်းခတ်)မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ပါဝင်သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါငလျင်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ စခန်းတာဝန်ခံ ဦးစိုင်းဇင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်လွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေးများ၊ မြို့နယ်ကျန်းမာရေး ဆရာမများ တက်ရောက်ကာ ငလျင်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေး လှည့်လည်နှိုးဆော်

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက် အရန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းအား ဩဂုတ် ၂၆ရက် ညနေ ၆နာရီက ဆောင်ရွက်ခဲ့သည်။


အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ရာတွင် နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများထားရှိရေး၊ မီးသွေးမီးဖိုဖြင့် ထမင်း၊ ဟင်းချက်ပြီးပါက မီးကြွင်း၊ မီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရန်၊ မီးလောင်မှု၊ မီးလန့်မှု ဖြစ်ပေါ်ပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်သည့်နည်းလမ်းများ စနစ်တကျရှိရေးစသည့် အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည် နှိုးဆော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၅၇)**



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂ ရက်တွင် စတင်မည်



**လန်ဒန် ဩဂုတ် ၂၇**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂ရက်မှ ၈ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(ဓဲပုံ)**

2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိသွားမည် ဖြစ်သည်။ **(NGB)**

## မတ်အိုရိုင်လီ ဘရိုက်တန်အသင်းတွင် ကျောနံပါတ် ၁၂ဂျာစီအား ဝတ်ဆင်ကစားမည်

**လန်ဒန် ဩဂုတ် ၂၇**

ကွင်းလယ်ကစားသမား မတ်အိုရိုင်လီ ဘရိုက်တန်အသင်းတွင် ကျောနံပါတ် ၁၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဆဲလ်တစ်အသင်းမှ ဘရိုက်တန်အသင်းသို့ ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား မတ်အိုရိုင်လီသည် ဆဲလ်တစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ပွဲကစားကာ ၂၇ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ဓဲပုံ) (NGB)**

## ကန်ဆယ်လိုအား သုံးနှစ်စာချုပ်ဖြင့် အယ်လ်ဟီလယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၇**

ဆော်ဒီကလပ် အယ်လ်ဟီလယ်အသင်းသည် မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ကန်ဆယ်လိုအား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၁၅၄ ပွဲကစားကာ ၉ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား ကန်ဆယ်လိုသည် အသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကန်ဆယ်လိုက "ကျွန်တော် အယ်လ်ဟီလယ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**





## ကလီးမန့်လွန်ဂလက်အား တစ်ရာသီအငှားစာချုပ်ဖြင့် အက်သလက်တီကို မက်ဒရစ်အသင်းခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၂၇**

အက်သလက်တီကို မက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား ကလီးမန့်လွန်ဂလက်အား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၅ပွဲကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အက်သလက်တီကို မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် ကလီးမန့်လွန်ဂလက်အား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်းအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားတွေ ခေါ်ယူအားဖြည့်သွားမှာပါဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## ဂျိမ်းရိုဒရီဂွက်ဇ်အား ဗယ်လက်ကာနိုအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၇**

စပိန်လာလီဂါကလပ် ဗယ်လက်ကာနိုအသင်းသည် ဆော်ပေါ်လိုအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ မိုနာကို၊ ပေါ်တို၊ ဆော်ပေါ်လိုစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဗယ်လက်ကာနိုအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂျိမ်းရိုဒရီဂွက်ဇ်က "ကျွန်တော် ဗယ်လက်ကာနိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဗယ်လက်ကာနိုအသင်းကို ရလဒ်ကောင်းတွေရရှိအောင်လည်း ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## ကိုးလ်မန်းအား ခေါ်ယူရန် အာဆင်နယ်အသင်း အလျင်အမြန်စီစဉ်

**လန်ဒန် ဩဂုတ် ၂၇**

အာဆင်နယ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ကိုးလ်မန်းအား ခေါ်ယူရန် အလျင်အမြန် စီစဉ်လျက်ရှိသည်။ **(အောက်ပုံ)**

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၆ ပွဲကစားကာ ၆၄ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



တောင်ပံကစားသမား ကိုးလ်မန်းကိုယ်တိုင်ကလည်း လက်ရှိအချိန် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက် မပိတ်မီအချိန်အတွင်းတွင် ကိုးလ်မန်းအားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

### ဥရောပ ချန်ပီယံလိဂ်ခြေစစ်ပွဲ (Play-Offs) ပွဲစဉ်များ(ဒုတိယအကျော့) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၈-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၁၁း၁၅နာရီ | ကွာရာဘတ် - ဒိုင်နမိုဇာဂရက် |
| ၂၉-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၁း၃၀နာရီ | ဇဝက်ဒါ - ဘိုဒယ်ဂလင့် |
| ။ | ။ | ဆလိုဗန် - မစ်ဂျေးလန် |
| ။ | ။ | ဆလားဗီးယားပရပ်ဂ် - လိုင်လီ |

### အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား(ဒုတိယအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၉-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၁း၀၀နာရီ | ဝုဗ်(ပရီးမီးယားလိဂ်-၁၉) - ဘန်စလေ(ချန်ပီယံရှစ်-၅) |
| ။ | နံနက် ၀၁း၁၅နာရီ | ဆွမ်ဆီး(ချန်ပီယံရှစ်-၈) - ဝိုင်ကမ်ဘီ(လိဂ်I-၁၆) |
| ။ | ။ | ဝင်ဘယ်လ်ဒန်(လိဂ်II-၈) - အစ်ဆွစ်ချ်(ပရီးမီးယားလိဂ်-၁၈) |
| ။ | ။ | ဝက်စ်ဟမ်း(ပရီးမီးယားလိဂ်-၉) - ဘုန်းမောက်(ပရီးမီးယားလိဂ်-၁၄) |
| ။ | ။ | ကာဒစ်ဖ်(ချန်ပီယံရှစ်-၂၄) - ဆောက်သမ်တန်(ပရီးမီးယားလိဂ်-၁၆) |
| ။ | ။ | ကိုလ်ချက်စတာ(လိဂ်II-၁၇) - ဘရန့်ဖို့ဒ်(ပရီးမီးယားလိဂ်-၁၃) |
| ။ | နံနက် ၀၁း၃၀နာရီ | နော်တင်ဟမ်(ပရီးမီးယားလိဂ်-၇) - နယူးကာဆယ်(ပရီးမီးယားလိဂ်-၆) |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၈-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၁၁း၃၀ နာရီ | ဘီလ်ဘာအို - ဗလင်စီယာ (D,L) (L,L) | ဘီလ်ဘာအို ၂-၂ ဗလင်စီယာ<br>ဗလင်စီယာ ၁-၀ ဘီလ်ဘာအို |
| ။ | ။ | ဗယ်လာဒိုးလစ် - လီဂါနက်စ် (W,L) (D,W) | ဗယ်လာဒိုးလစ် ၂-၂ လီဂါနက်စ်<br>လီဂါနက်စ် ၁-၂ ဗယ်လာဒိုးလစ် |
| ၂၉-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၂း၀၀နာရီ | အောတီကို - အက်စ်ပန်ညို (D,W) (L,L) | အောတီကို ၁-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၃-၃ အောတီကို |
| ။ | ။ | ဆိုစီဒက် - အလာဗက်စ် (L,W) (L,D) | ဆိုစီဒက် ၁-၁ အလာဗက်စ်<br>အလာဗက်စ် ၀-၁ ဆိုစီဒက် |

# မြေပဲအထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်း၊ မျိုးသန့်နှင့် စိုက်ပျိုးမြေရွေးချယ်မှု အရေးကြီး



မြေပဲသီးနှံတစ်ဧကအတွက် နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်း၊ မျိုးသန့်နှင့် စိုက်ပျိုး မြေရွေးချယ်မှုသည် အရေးကြီး ကြောင်း စိုက်ပျိုးရေးပညာရှင်များ က အကြံပြုထားသည်။

မြေပဲစိုက်ပျိုးမှုစနစ်အနေဖြင့် တစ်ဧကလျှင် မျိုးစေ့(မြေပဲတောင့်) ၆-၈ တင်းလိုအပ်ပြီး ပင်ထောင် မြေပဲကို တန်းကြား၊ ပင်ကြား ၁၅လက်မ×၄လက်မနှင့် တစ်ဧက အပင်ရေတစ်သိန်းခန့်၊ ပင်ပြန့် မြေပဲ တန်းကြား၊ ပင်ကြား ၁၈လက်မ×၄လက်မ အပင်အရေ အတွက် တစ်ဧက ၈၅၀၀၀ ခန့် ရရှိမည်။

မြေပြုပြင်မှုအနေဖြင့် တစ် ဧကလျှင် နွားချေး/မြေဆွေး၊ သဘာဝမြေဩဇာ လှည်း ၅-၁၀ စီးနှုန်း၊ ယူရီးယားဓာတ်မြေဩဇာ အိတ်ဝက်မှ တစ်အိတ်၊ တီစူပါ နှစ်အိတ်ခွဲမှ နှစ်အိတ်ခန့်၊ ပို တက်ရှ် အိတ်ဝက်ခန့် ထယ်ရေး ပြင်ချိန်တွင် ထည့်သွင်းပေးရမည်။ ဂျစ်ပဆန်ကို မြေခံအဖြစ် ၄-၅ အိတ်ခန့်၊ ပဲမြစ်ဖုဇီဝမြေဩဇာကို တစ်ဧကလျှင် တစ်ထုပ်နှုန်းဖြင့် မျိုးစေ့နှင့် လူးနယ်စိုက်ပျိုးသင့် သည်။ **(အပေါ်ပုံ)**

အပင်ပြုစုမှုအနေဖြင့် အပင် ငယ်စဉ် စုပ်စားပိုး၊ ရွက်လိပ်၊ ရွက်ကပ်ပိုးများကျပါက ပင်လုံး ပြန့်ထိတွေ့ ပိုးသတ်ဆေးတစ်မျိုး မျိုးဖြင့် ပတ်ဖျန်းနှိမ်နင်းသင့် သည်။ ဖိုးလမင်း၊ ကျိုင်းနှင့် ခြများကျရောက်ပါက ပင်လုံးပြန့် ထိတွေ့ပိုးသတ်ဆေးခဲကို စိုက် ပျိုးချိန်တွင် စိုက်ကြောင်းအတွင်း ထည့်ပေးရမည်။

အပင်ရောဂါအနေဖြင့် မြစ် ပုပ်၊ ခါးရိ၊ အစေ့ပုပ်ရောဂါများမှ ကာကွယ်ရန် မျိုးစေ့ကို မှိုသတ် ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက် ပျိုးသင့်သည်။ ရွက်ပြောက်ရောဂါ ကျရောက်သောဒေသများတွင် သင့်တော်သည့် မှိုသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းရမည်။

စိုက်ပျိုး မြေရွေးချယ်ရာတွင် နုန်းမြေနှင့် သဲမြေတို့သည် မြေပဲ စိုက်ပျိုးရန် အသင့်တော်ဆုံးမြေ အမျိုးအစားဖြစ်ပြီး မြေပဲသီးနှံဖြစ် ထွန်းရန်အတွက် မြေအချဉ်ငံဓာတ် ( ၅ ဒသမ ၅)ထက်နိမ့်သောမြေ နှင့် ဆားပေါက်မြေများတွင် စိုက် ပျိုးရန်မသင့်ကြောင်းနှင့် ရေသွင်း ရေ ထုတ်လွယ်ကူသည့် မြေဖြစ် ရမည်။

စိုက်ပျိုးရာသီမှာ မြေပဲသီးနှံ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင် သော်လည်း မိုးဦး၌ မေနှင့်ဇွန်၊ မိုးလယ်၌ ဩဂုတ်၊ မိုးနှောင်းတွင် အောက်တိုဘာ၊ နိုဝင်ဘာလများ တွင် စိုက်ပျိုးသင့်သည်။

မျိုးရွေးချယ်မှုအနေဖြင့် ရေ မြေဒေသနှင့်ကိုက်ညီသောမျိုး၊ အပင်ပေါက်(၈၀)ရာခိုင်နှုန်းထက် ရှိသောမျိုးစေ့ကို တစ်ဧကလျှင် အနည်းဆုံးမျိုးစေ့တစ်တင်းခွဲမှ နှစ်တင်းနှုန်းအသုံးပြုစိုက်ပျိုးသင့် သည်။

မျိုးစေ့ဆောင်ရောဂါများ ကင်းစင်ပြီး ရာသီဥတုဒဏ်၊ ပိုးမွှား/ရောဂါဒဏ်ခံနိုင်သော မျိုး များကို ရွေးချယ်စိုက်ပျိုးသင့်သည်။ မိုးခေါင်ဒေသများအတွက် ဆင်း ပဒေသာ ၆၊ ၁၂၊ မကွေး ၁၁ မြေပဲမျိုးများကို ရွေးချယ်စိုက်ပျိုး သင့်သည်။

အပင်သက်တမ်းအလိုက် ပြုစုစောင့်ရှောက်ခြင်းအနေဖြင့် စိုက်ပျိုးပြီး ၃၀-၃၅ ရက်အတွင်း ပေါင်းမြက်များ အပြီးရှင်းလင်းပြီး အထက်စွယ်များကို အတောင့် ဖြစ်စေရန် ပန်းဖြိုင်ချိန်မှစ၍နောက် ပိုင်းတွင် ပေါင်းတင်ခြင်းမပြုလုပ် ရပါ။ စွယ်ချချိန်နှင့် အဆံဖြည့် တင်းချိန်ဖြစ်သော အပင်သက်တမ်း ၄၅-၇၅ ရက်သားအတွင်း ရေ လိုအပ်ပါက ဖြည့်သွင်းပေးရမည်။

ရိတ်သိမ်းမှုလုပ်ငန်းကို မြေပဲ တောင့် ၇၀ ရာခိုင်နှုန်းရင့်မှည့်ချိန် တွင် ရိတ်သိမ်းရမည်။ မြေပဲပင် ကိုနုတ်ပြီး ချက်ချင်းဆွတ်ကာ နေပြင်းပြင်းတွင် ပါးပါး(၃-၄) ရက်အခြောက်ခံရန်နှင့် အစိုဓာတ် (၆-၇)ရာခိုင်နှုန်းထိ ရှိရန်လိုအပ် သည်။

မြေပဲမှ တန်ဖိုးမြင့်ထုတ်ကုန် များအဖြစ် မြေပဲဆီ၊ မြေပဲယို၊ မြေပဲလှော်၊ ပဲဖတ်စသည်တို့ကို ရရှိသည်။

**ရွှေမန်း**



# ရတနာပုံတက္ကသိုလ်၌ ပန်းချီပြိုင်ပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲ ကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ(၂)၌ ကျင်းပ သည်။ **(အပေါ်ပုံ)**

ပန်းချီပြိုင်ပွဲကို "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ကျင်းပရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေက ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(၀၈၂)**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်း အနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ် ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ သည်။

အခမ်းအနားတွင် အောင်မြေ သာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန၊ မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်း ဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်း ခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် ဦးစီးအရာရှိက ပြန်လည်ရှင်းလင်း ဖြေကြားပြီး အိမ်ထောင်စုဇယား နှင့် မှတ်ပုံတင်ကတ်မရှိသူများ အတွက်ကိုလည်း လုပ်ဆောင် ပေးနိုင်ရန်အတွက် စီစဉ်ဆောင် ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီး ကြပ်ရေးနှင့်ပြည်သူ့အင်အားဝန် ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက် လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်း စရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲအခမ်း အနားသို့ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်း လွင်နှင့်ဝန်ထမ်းများ၊ ပြည်ကြီး ကျက်သရေအရှေ့ရပ်ကွက် အုပ် ချုပ်ရေးမှူး ဦးမောင်မောင်အေး နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၀၃၇)**

# ယခုဘဏ္ဍာနှစ်အတွင်း ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ဧကပေါင်း ၁၀ သိန်းကျော် စိုက်ပျိုးမည်

**မန္တလေး ဩဂုတ် ၂၇**

ယခုဘဏ္ဍာနှစ်တွင် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၈ ခရိုင်၌ ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ဧက ပေါင်း ၁၀ သိန်း ကျော်ကို စိုက် ပျိုး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိ သူတစ်ဦးက ပြောပြသည်။

အဆိုပါ ခရိုင် ၈ ခရိုင်တွင် ရာသီအလိုက်စိုက်ပျိုးမည့် ဆီ ထွက်သီးနှံများကို ဇုန်(၁)နှင့် ဇုန်(၂)ဟူ၍ သတ်မှတ်ပြီး ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက် ပျိုးသွားမည့် သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာစသည့်သီးနှံများ စိုက်ဧကပေါင်း ၁၀ သိန်းကျော်ကို စိုက်ပျိုးဆောင်ရွက်သွားရန် စီစဉ် ထားရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုး သွားမည့်အခါတွင်လည်း ဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဆောင် ရွက်သွားမည်ဖြစ်သည်။

"ဇုန်တွေ သတ်မှတ်ဆောင် ရွက်တာက စားအုန်းဆီတွေ ပြည်ပကနေ တင်သွင်းမှုကို လျှော့ချပြီးတော့မှ ပြည်တွင်းက ထုတ်လုပ်တဲ့ ဆီထွက်သီးနှံများနဲ့ စားသုံးဆီဖူလုံဖို့ အကောင်အထည် ဖော်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်က တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဆောင် ရွက်တာဖြစ်တဲ့အတွက် ပြည်တွင်း စားသုံးဆီဖူလုံဖို့ အဓိကထားပြီး ဆောင်ရွက်တာဖြစ်တယ်။ ဒီလို ဆောင်ရွက်ခြင်းက ပြည်တွင်းမှာ ဆီကြိတ်ခွဲခြင်းအားဖြင့် စားသုံး ဆီဖူလုံမှုကို အထောက်အပံ့ပြု နိုင်မှာပါ။ တိရစ္ဆာန်အစာအတွက် လည်း အထောက်အပံ့ဖြစ်တယ်။ လုပ်သားတွေ အလုပ်အကိုင်အခွင့် အလမ်းတွေ ရရှိလာစေမှာပါ။ ပြည်တွင်းမှာပဲ လုပ်ငန်းစဉ်တစ်ခု လုံးကို ဆောင်ရွက်ခြင်းအားဖြင့် အကျိုးအမြတ်တွေ ရရှိစေမှာပါ။ စိုက်ပျိုးတဲ့လုပ်ငန်းတွေကိုတော့ ဆောင်ရွက်နေပါပြီ"ဟု ၎င်းက ရှင်းပြသည်။



ဇုန်များသတ်မှတ်ပြီး စိုက် ပျိုးသွားမည့် ခရိုင်အလိုက် မြို့နယ် များမှာ ဇုန်(၁)တွင် ကျောက် ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်း သင်းခရိုင်၊ အမရပူရခရိုင်၊ အောင် မြေသာစံခရိုင်တို့၌ မြို့နယ် ၁၂ မြို့နယ်၊ ဇုန်(၂)တွင် ညောင်ဦး ခရိုင်၊ တံတားဦးခရိုင်၊ မြင်းခြံခရိုင် တို့၌ မြို့နယ် ၇ မြို့နယ် စသည့် ခရိုင်အလိုက် မြို့နယ်များတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ စိုက်ဧက ၃၉၁၀၀၀ ကျော်၊ နှမ်းစိုက်ဧက ၄၉၀၀၀၀ ကျော်၊ နေကြာစိုက် ဧက ၁၂၂၀၀၀ ကျော် စုစုပေါင်းဧက ၁၀ သိန်းကျော် ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ် ကြောင်း သိရသည်။ **(၀၇၃)**



# ပြည်တွင်းပြောင်းဈေးစံချိန်တင်မြင့်တက်လာ

ပြည်တွင်းပြောင်းဈေးစံချိန်တင်မြင့်တက်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျော်ထိ ပေါက်ဈေးရှိလာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်ပမှ မြန်မာ့ပြောင်းဆန် ဝယ်လိုအားကောင်းခြင်း၊ FOB ဈေးနှုန်းများမြင့်တက်လာခြင်း ပြည်တွင်းပြောင်းလက်ကျန်နည်းလာပြီး အစားစပ်စက်ရုံများ၏ ဝယ်လိုအားကောင်းနေခြင်း၊ ဗဟိုဘဏ်၏ ပို့ကုန်ရငွေပေါ် ဖြေလျှော့ရလိုက်ခြင်းများကြောင့် ပြောင်းဆန်ဈေး မြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

" FOB ဈေးနှုန်းက တစ်တန်လျှင် ဒေါ်လာ ၂၇၀-၂၈၀ နီးပါးပေါက်ဈေးရှိလာတယ်။ နောက်ပို့ကုန်မူဝါဒဖြေလျှော့တာကလည်း ပြောင်းတင်ပို့သူများအတွက် ပိုအဆင်ပြေလာတယ်။ လက်ကျန်ပြောင်းလည်း နည်းလာတော့ အခုလို ဈေးမြင့်တက်လာတာပါ"ဟု ၎င်းက ပြောသည်။

ပြည်တွင်းပြောင်းဆန်ဈေးမှာ ဩဂုတ်လဆန်းပိုင်းက ရန်ကုန်အရောက်ဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျော်သာ ပေါက်ဈေးရှိခဲ့ပြီး ဩဂုတ်လကုန်ပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျော် ပေါက်ဈေးဖြစ်လာသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ ဩဂုတ် ၂၆ရက်တွင် ပြောင်းဖူး(ဗမာ)၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀၊ ပြောင်းဖူး(ရှမ်း)၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀-၈၅၀၀၀၊ ပြောင်းဖူး(CP)၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀-၈၅၀၀၀ ပေါက်ဈေးရှိလာပြီး ဩဂုတ်လဆန်းပိုင်းထက် ငွေကျပ် ၁၀၀၀၀ ကျော် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပြောင်းစိုက်ပျိုးရာသီစတင်စိုက်ပျိုးလျက်ရှိပြီး ပြောင်းလက်ကျန်မှာ ကုန်သည်များနှင့် ပွဲရုံလှောင်လက်သမားများထံတွင်သာ ကျန်ရှိတော့သည်။

ပြောင်းဆန်ကို ပြည်ပတင်ပို့အနေဖြင့် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် အများဆုံးတင်ပို့ပြီး အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့ကိုလည်း ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလကာလအတွင်း ပြည်ပသို့ ပြောင်းတင်ပို့မှုတန်ချိန် တစ်သန်းကျော်တင်ပို့ထားသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ





## ရတနာပုံတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ဒုတိယအကြိမ်)ပို့ချ

**အမရပူရ ဩဂုတ် ၂၇**

ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဘာသာစကား၊ အတွေးအခေါ်၊ ဝေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အမျိုးသားရေးသွင်ပြင်များကို ထိန်းသိမ်းမှတ်သားလိုက်နာတတ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ဒုတိယအကြိမ်) ပို့ချချက်ကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၇၈၀ ဦး တက်ရောက်ကြသည်။

ပို့ချမှုတွင် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မျိုးသန့်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ၊ မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ၊ ကြိုတင်မဲပေးနိုင်သူများ၊ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လိုက်နာရမည့်အချက်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနည်းလမ်းများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲမပေးဖြစ်သူများ၊ မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ၊ မဲဆန္ဒရှင်တစ်ဦး မှတ်သားရန်အချက်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို ပို့ချဆွေးနွေးသည်။ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၈၂)**

## အခြေခံပညာကျောင်းများတွင် ခြင်ဆေးမှုတ်စက်ဖြင့် ဆေးဖျန်းပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**တံတားဦး ဩဂုတ် ၂၇**

ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ခြင်ဆေးမှုတ်စက်ဖြင့် ကျောင်းပိတ်ရက်တွင် လိုက်လံ ဆောင်ရွက်ပေးသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ကျယ်ပြန့်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ ဆင်ခြေထောက်ရောဂါကင်းဝေးရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိမျှဝေခြင်းနှင့်အတူ ကြိုတင်ကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေးပေးလျက်ရှိသည်။

**(အောက်ပုံ)**

တံတားဦးမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယနေ့အထိ ပြင်းထန်ရောဂါခံစားရမှု မရှိဘဲ ကျန်းမာစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(၄ဝ၉)**



## စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ Steel Structure တစ်ထပ်စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးသွားမည်ဖြစ်

**ကျောက်ဆည် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး (၅၆×၃၂×၁၂)ပေ အန္တရာယ်ရှိ စာသင်ကျောင်းဆောင်တစ်ဆောင်အား ဖျက်သိမ်းပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် Steel Structure စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးသွားမည် ဖြစ်သည်။



စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ၁၉၇၈ ခုနှစ်၊ ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဖွင့်ချိန်က စတင်ဆောက်လုပ်ခဲ့သည့် (၅၆×၃၂×၁၂)ပေ စာသင်ကျောင်းဆောင်သည် နှစ်ကာလကြာမြင့်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စာပေသင်ကြားရာ၌ အသုံးပြုသည့်အခါ အန္တရာယ်ဖြစ်နိုင်သည့်အတွက် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၁၇ ဒသမ ၂၄၇ သန်း အကုန်အကျခံကာ Steel Structure စာသင်ကျောင်းဆောင်အသစ်(၁) ဆောင် အစားထိုးဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရကာ စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ Grade-1 အတန်း၌ ၃၂ ဦး၊ Grade-2 အတန်း၌ ၃၈ ဦး၊ Grade-3 အတန်း၌ ၃၆ ဦး၊ Grade-4 အတန်း၌ ၁၅ ဦး၊ Grade-5 အတန်း၌ ၂၃ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၆၀ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)(၄၈၅)**

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကိုရီးယားမလေးတွေလို ချစ်စရာကောင်းပြီး ရိုးရှင်းတဲ့ဖက်ရှင်များ

ခုနောက်ပိုင်း ကိုရီးယား မှာရော အာရှနိုင်ငံတစ်လွှားမှာ ခေတ်စားလာတာကတော့ အမြင်လည်းမရှုပ်ဘဲ ရိုးရိုးရှင်းရှင်းနဲ့ ကြည့်လို့ကောင်းစေတဲ့ ဂါဝန်ရှည်၊ စကပ်ရှည် ဖက်ရှင်တွေပဲဖြစ်ပါတယ်။ စကပ်တို၊ ဂါဝန်အတိုဝတ်မှပဲ ဖက်ရှင်ကျတာ မဟုတ်ပါဘူး။ စကပ်ရှည်၊ ဂါဝန်အရှည်တွေကိုလည်း သေချာလေး ရွေးချယ် ဝတ်ဆင်တတ်မယ်ဆိုရင် ရိုးရှင်းပြီး ဖက်ရှင်ကျတဲ့ပုံစံမျိုး ရရှိစေမှာဖြစ်ပါတယ်။ ရုံးသွား၊ ကျောင်းတက် အဆင်ပြေစေတဲ့ ဖက်ရှင်မျိုးဖြစ်တာကြောင့် နေ့စဉ်ဝတ်မယ်ဆိုလည်း ရိုးမသွားတဲ့ ဖက်ရှင်တစ်မျိုး ဖြစ်ပါတယ်။



တစ်ခုသတိထားဖို့ကတော့ စကပ်ရှည်တွေကို ရွေးချယ်တဲ့အခါမှာ အသက်ကြီးပိုင်း ဝတ်ဆင်လေ့ရှိတဲ့ အပွင့်ခပ်ကြီးကြီး အဆင်တွေနဲ့၊ အရောင်ခပ်မှိုင်းမှိုင်း၊ အရောင်အရင့် အဆင်တွေကို ရှောင်ပြီးတော့ အနက်ပြောင်၊ အညိုပြောင်၊ မီးခိုးပြောင်စတဲ့ အရောင်တွေက ရိုးရှင်းပေမယ့် ဖက်ရှင်လည်း ကျပါတယ်။

အတိုတွေဝတ်ရတာ မနှစ်သက်သူတွေအတွက် အခုခေတ်စားနေတဲ့ စကပ်ရှည်၊ ဂါဝန်အရှည်တွေကို ဘယ်လိုအကျီ အဝတ်အစားမျိုးနဲ့ တွဲဖက်ဝတ်ဆင်ရမလည်းဆိုတာကို ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါတယ်။

**Daisy**

## မိတ်ကပ်လိမ်းဖော့(Makeup Sponge) ကို နည်းလမ်းမှန်အသုံးပြုပုံ




မိတ်ကပ်လိမ်းတဲ့အခါမှာ အသုံးပြုကြတဲ့ မိတ်ကပ်လိမ်းဖော့တုံး(Makeup Sponge) ကို အောက်ခံမိတ်ကပ် Foundation လိမ်းတဲ့အခါမှာ အများဆုံး အသုံးပြုလေ့ရှိကြပေမယ့် မိတ်ကပ်ဖော့ကို အသုံးပြုပြီး အစအဆုံး မိတ်ကပ်ပြင်တဲ့အခါမျိုးမှာ အသုံးပြုလို့ ရပါတယ်။ ခရီးသွားတာပဲဖြစ်ဖြစ်၊ မိတ်ကပ် Brush တွေ အလွယ်တကူမရှိတဲ့အချိန်မျိုးမှာ မိတ်ကပ်ဖော့တုံးတစ်ခုရှိရုံနဲ့ နည်းလမ်းမျိုးစုံအသုံးပြုလို့ ရပါတယ်။

Wee မိတ်ကပ်ဖော့တုံးကို အသုံးပြုတဲ့အခါမှာလည်း အစိုနဲ့ အခြောက် အသုံးပြုနည်းနှစ်မျိုး ရှိပါသေးတယ်။ အောက်ခံမိတ်ကပ်၊ BB Cream , Liquid Foundation, Concealer လိမ်းတဲ့အခါမျိုးမှာ မိတ်ကပ်ဖော့တုံးကို ရေစွတ်ပြီးမှ အသုံးပြုရတာဖြစ်ပါတယ်။ ရေမစွတ်ဘဲနဲ့ အခြောက်အတိုင်းအသုံးပြုရင် မိတ်ကပ်ဆွဲဖြန့်တဲ့အခါမှာ မညီညာဘဲ မိတ်ကပ်တွေက ဖော့တုံးထဲဝင်သွားတာကြောင့် မိတ်ကပ်တွေလည်း ပိုကုန်ပါတယ်။ Liquid blushes၊ blushes တွေကို ဖော့တုံးကို အခြောက်အတိုင်း အသုံးပြုပြီး လိမ်းပေးမယ်ဆိုရင် ပါးပါးကြည်ကြည်လေးနဲ့ ညီညာလှပစေပါတယ်။ Highlighterနဲ့ Loose Powder ကိုလည်း ဖော့တုံးနဲ့ လိမ်းပေးမယ်ဆိုရင် မိတ်ကပ်ကွက်ခြင်း၊ မိတ်ကပ်မညီတာတွေကို မဖြစ်တော့ဘဲ သိပ်သိပ်လေးနဲ့ လှပတဲ့ မိတ်ကပ်အပြင်အဆင်ကို ရရှိစေမှာ ဖြစ်ပါတယ်။ **Daisy**

## မျက်ကွင်းညိုတာကို ဖုံးအုပ်ပေးနိုင်မယ့် Concealer လိမ်းခြယ်နည်း

မိတ်ကပ်လိမ်းတဲ့အခါမှာ မျက်ကွင်းညိုနေတယ်ဆိုရင် မိတ်ကပ်နဲ့ အထပ်ထပ်ဖုံးအုပ်တာက မျက်ကွင်းညို၊ မျက်တွင်းကျတာကို မပျောက်သွားစေဘဲ ပိုပြီးအိုစာတဲ့ပုံစံဖြစ်ပေါ်စေနိုင်ပါတယ်။ မျက်ကွင်းညိုတာတွေကို ဖုံးအုပ်ဖို့အတွက် Concealer လိမ်းရုံနဲ့လည်း မရပါဘူး။ မိတ်ကပ်မလိမ်းခင်မှာ အရင်ဆုံးအစိုဓာတ်ရအောင် Skin Care လိမ်းတဲ့အခါမှာ မျက်လုံးအောက်တစ်ဝိုက်ကိုလည်း အစိုဓာတ်ရအောင် သေချာလိမ်းပေးပါ။ ပြီးရင် Primer လိမ်းတဲ့အခါမှာလည်း မျက်လုံးတစ်ဝိုက် လိမ်းပြီးရင် မျက်ကွင်းညိုတာကို ဖုံးအုပ်ပေးနိုင်မယ့် Color Corrector ကို လိမ်းပေးမှ Concealer လိမ်းပါ။

Concealer လိမ်းရင်လည်း မျက်လုံးအောက်မှာ အပုံလိုက်ကြီး လိမ်းလိုက်တာမျိုးမဟုတ်ဘဲ မျက်လုံးအောက်ကနေ ပါးအထိ တြိဂံပုံစံလိမ်းပြီး မိတ်ကပ်ဖော့ (သို့) Brushနဲ့ ဖြန့်လိုက်ပါ။ ပြီးရင် ပေါင်ဒါနဲ့အုပ်လိုက်ပါ။ ဒါဆိုရင် မျက်ကွင်းညို၊ မျက်တွင်းချိုင့်တာတွေက မသိသာတော့ဘဲ သဘာဝကျကျ လှပနေမှာဖြစ်ပါတယ်။

**Daisy**




## အသားဖြူချင်သူတိုင်း သိထားသင့်တဲ့အချက်များ

အာရှသားတွေ အများစုက အသားဖြူမှပိုလှ၊ ပိုကြည့်ကောင်းတယ်လို့ သတ်မှတ်လေ့ရှိကြပြီး အသားဖြူအောင် အလှကုန်မျိုးစုံ ထုတ်လုပ်သုံးစွဲကြတဲ့အပြင် အသားဖြူအောင် ဆေးထိုး၊ ဆေးသောက်၊ ပေါင်းတင်စသည်ဖြင့် အသားဖြူစေမယ့်နည်းလမ်းမျိုးစုံဟာ အလွန်ကို ရေပန်းစားပြီး လူကြိုက်များပါတယ်။

အသားဖြူဖို့၊ လှဖို့အတွက် ဓာတုဗေဒပစ္စည်းတွေ ပါနေတဲ့ အသားဖြူဆေးတွေ၊ အလှကုန်ပစ္စည်းတွေကို အသုံးပြုမယ့်အစား နေ့စဉ် နေထိုင်စားသောက်ပုံနဲ့ ကိုယ့်ရဲ့အပြုအမူလေးတွေကို ပြင်လိုက်ရင် အဆင်ပြေပါတယ်။ ဒါဆိုရင် အသားဖြူစင်လှပဖို့၊ နုပျိုကျန်းမာတဲ့ အသားအရေ ပိုင်ရှင်တွေဖြစ်ဖို့ လိုက်နာသင့်တဲ့ အချက်လေးတွေ၊ ဆောင်ရန်၊ ရှောင်ရန်လေးတွေကို ပြောပြပေးမယ်နော်။

**ရေများများသောက်ပါ။**

လူတစ်ယောက်ဟာ နေ့စဉ် ရေဖန်ခွက် ရှစ်ခွက်ခန့် အနည်းဆုံး သောက်ပေးဖို့ လိုအပ်ပါတယ်။ အားကစား လိုက်စားသူတွေ၊ ကိုယ်လက်လှုပ်ရှားမှုများသော အလုပ် လုပ်ကိုင်သူတွေ၊ ကိုယ်လက်လေ့ကျင့်ခန်း လုပ်တဲ့ အခါ ခန္ဓာကိုယ်က ရေဓာတ်ပို ဆုံးရှုံးနိုင်တဲ့အတွက် ပိုပြီးသောက်ပေးဖို့ လိုအပ်ပါတယ်။

**အပြင်ထွက်တိုင်း နေလောင်ကာခရင်မ်(Sunscreen)လိမ်းပေးပါ။**

ခရမ်းလွန်ရောင်ခြည်ဟာ အသားအရေကို ကြမ်းတမ်းစေပြီး နဂိုမူလအသားအရောင်ကို မှိန်စေပြီး မဲ့ခြောက်စေတဲ့ တရားခံတွေထဲက တစ်ခုပဲ။ ဒါကြောင့် အပြင်သွားတော့မယ်ဆိုရင် နေရောင်နဲ့ ထိတွေ့နေမယ့် မျက်နှာ၊လည်ပင်း၊ လက်တွေမှာ နေလောင်ကာခရင်မ်ကို လိမ်းပေးဖို့ မမေ့ပါနဲ့။

**ရေချိုးပြီးတိုင်း အစိုဓာတ်ထိန်း ခရင်မ်ကို သတိရပါ။**

ကျန်းမာပြီး စိုပြည်ကြည်လင်တဲ့ အသားအရေမျိုး ပိုင်ဆိုင်ရဖို့ အတွက် အစိုဓာတ် ပြည့်ဝနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ရေချိုးပြီး ခြောက်အောင်သုတ်ပြီးတဲ့အခါ မျက်နှာကိုအဓိကထားပြီး အစိုဓာတ်ထိန်းခရင်မ် လိမ်းပေးပါ။ ကိုယ်ခန္ဓာကိုလည်း Lotion လိမ်းပေးပါ။

**နေပူထဲသွားတော့မယ်ဆိုရင် ထီး၊ ဦးထုပ်ဆောင်းသွားပါ။**

အဝတ်အစားကို လုံလုံခြုံခြုံ ဝတ်ဆင်ပါ။ အသားအရေကို အေးမြစေပြီး လေဝင် လေထွက်ကောင်းစေဖို့ ချည်သား အဝတ်အထည်တွေကိုဝတ်ဆင်ပါ။ လိုအပ်ရင် နေကာမျက်မှန်တပ်ထားပါ။

**ဟင်းသီးဟင်းရွက် များများစားပါ။**

ကျွန်တော်တို့ လူ့ခန္ဓာကိုယ်နဲ့ ကျန်းမာရေးအတွက် နေ့စဉ်လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေကို ဟင်းသီးဟင်းရွက်တွေကနေ ရရှိနိုင်ပါတယ်။ ဒါ့အပြင် အသားအရေကို သဘာဝအတိုင်း ဖြူစင်ဝင်းပစေတယ်။ အရေးအကြောင်းတွေ ကင်းစေပြီး တင်းရင်းစေတယ်။ ဒါကြောင့် ကျန်းမာပြီး လှပလိုသူတွေအတွက် နေ့စဉ် မဖြစ်မနေ စားပေးသင့်တဲ့ အစာအာဟာရထဲမှာ ဟင်းသီးဟင်းရွက်တွေလည်း ပါဝင်ရပါမယ်။

**အသီးအနှံတွေကိုလည်း အမြဲစားသုံးပေးပါ။**

အသားအရေကို ရေဓာတ်ဖြည့်တင်းပေးနိုင်တဲ့အပြင် ဖြူစင်ဝင်းပလာစေတဲ့ ဗီတာမင် C ဓာတ်တွေ အများအပြားပါဝင်တဲ့ သစ်သီးဝလံတွေကိုလည်း မေ့ထားလို့ မဖြစ်ပါဘူး။

**ကိုယ်နဲ့ လိုက်ဖက်မယ့် အလှကုန်ပစ္စည်းတွေ သေချာရွေးဝယ်ပါ။**

ကိုယ်က အဆီပြန်တတ်တဲ့သူလား၊ အသားအရေခြောက်တတ်လား၊ ထိခိုက်လွယ်တဲ့ အသားအရေ ပိုင်ရှင်လားဆိုတာ သေချာသိထားမှ ကိုယ်နဲ့ လိုက်ဖက်ညီတဲ့ အလှကုန်တွေ၊ အသားအရေထိန်းသိမ်းတဲ့ ပစ္စည်းတွေ သေချာဝယ်ယူလို့ ရမှာပါ။ ဈေးကွက်ထဲမှာ ပေါ်နေတဲ့ ပစ္စည်းမှန်သမျှ လိုက်သုံးကြည့်တာထက် အရေပြားဆရာဝန်နဲ့ သေချာပြသတိုင်ပင်ပြီး ကိုယ်နဲ့လိုက်ဖက်ညီတဲ့ အလှကုန်ပစ္စည်းတွေကို မှန်ကန်တဲ့နည်းစနစ်နဲ့ အသုံးပြုနိုင်ရင် အကောင်းဆုံးပါပဲ။ **Daisy**



## သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**သရက် ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်က လူမှုကွန်ရက်ပေါ်မှာ သတင်းတုများ၊ နိုင်ငံတော်အကြည်ညိုပျက်စေသည့်သတင်းများဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပေးခဲ့ကာ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ပြောကြားပေးခဲ့သည်။ (ဓာတ်ပုံ)

ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် ခရိုင်စာရင်းစစ်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်၊ သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ပြည်တွင်းအခွန်ဦးစီးဌာန ဦးစီးဌာနမှူး ဦးသက်အောင်တို့က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးပေးခဲ့ရာ တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ ဆွေးနွေးမှုအပေါ် သက်ဆိုင်သည့်ဌာနအလိုက် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## အလှအပရေးရာဆေးပညာကို လေ့လာတက်ရောက်သင်ကြားနိုင်

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးမြို့တွင် စတင်ဖွင့်လှစ်သွားမည့် Aesthetic Dermatology Training Course သည်One Stop Service တွေ လူကြိုက်များလာသည့်အချိန်တွင် Aesthetic Training တွေထဲမှာ One-Stop Training Course လို့ ပြောရလောက်အောင်ထိ အလွန်ပြီးပြည့်စုံသည့် RBL Training Certre (Royal Beauty Land) မှ ကျင်းပပြုလုပ်ပေးမည့် Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့် တတိယအကြိမ် မိတ်ဆက်ခြင်းဖြစ်သည်။

အလှအပရေးရာဆေးပညာကို စိတ်ဝင်စားပြီး စာတွေ့ရော၊ လက်တွေ့ရော စုံစုံလင်လင်လေ့လာ သင်ကြားခွင့်ရမည့် "4 Day Lectures and Hands on Training Course"ကို(၄-၉-၂၀၂၄)ဗုဒ္ဓဟူးနေ့မှ(၇-၉-၂၀၂၄) စနေနေ့အထိဖြစ်ပြီး ကြိုက်နှစ်သက်ရာခေါင်းစဉ်ရွေးချယ်၍ နေ့အလိုက် တက်ရောက်သင်ကြားနိုင်ပါသည်။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃ လမ်း၊ လမ်း၃၀ နှင့် ၃၁လမ်းကြားတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပြီး သင်တန်းတွင် Day-1:Basic Dermatology & Chemical Peeling ,Day-2:Botox and Basic Thread Lifting, Day-3:MD Codes™& Filler Injection,Day-4: PRP,Laser and Light Treatment သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းသူ၊ သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ၊ Training Note စာအုပ်နှင့် ဘောလ်ပင်၊ မှတ်ရန်စာရွက်၊ Coffee Break, Lunch and Snacks အပြင် RBL Training Centre Certificate လက်မှတ်များ ပေးအပ်သွားမည်။ သင်ကြားပြသပေးမည့် ဆရာဝန်များမှာ အလှအပရေးရာ ဆေးပညာလောကတွင် ၁၀ နှစ်ကျော် အတွေ့အကြုံရှိသော ဆရာဝန်များဖြစ်သည့် Dr. Lwin Moe Ag(Founder of Grace Aesthetics Clinic) နှင့် Dr. Phyo Nyi Nyi Ag (Founder of The Skin Clinic) တို့က အနီးကပ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

**(မန္တလေးနေ့စဉ်-၃)**

*-*-*-*-*






ဖတ်စရာ၊ မှတ်စရာ စုံလင်

## မီးပြတိုက်

* ပင်လယ်ရေကြောင်း
ခုတ်မောင်းသင်္ဘော
ကောင်း(သွား)သည့်ခရီး
လိုရာပြီးမြောက်
ခရီးပေါက်ဖို့
စီးနင်းပြည်သူ
များဗိုလ်လူတို့
ပူပင်စိတ်ကင်း
လမ်းကြောင်းရှင်းကာ
အလင်းပြသည်
အိုမီးတိုက်ရှင်-----။

* ပင်လယ်ပြင်ဘက်
ရပ်လျက်ထီးထီး
တစ်ဦးတည်းသာ
မိုးရွာနေပူ
နှင်းမှုံထူလည်း
အမြဲကျေပွန်
လင်းပြညွှန်သည်
အိုမီးတိုက်ရှင်-----။

* လှိုင်းလေကထန်
မိုးမာန်ထဆဲ
ညမှောင်ထဲဝယ်
သူ၏အလင်း
သူ့အဆင်းဖြင့်
ဝင်းကာလက်ကာ
ညွှန်းပြရာသည်
အိုမီးတိုက်ရှင်-----။

* သင်၏ကျေးဇူး
အထူးထူးသည်
ကူးလူးသွားလာ
နာဝါသင်္ဘော
အပြောကျယ်စွာ
ပင်လယ်မှာဖြင့်
မှန်စွာလမ်းကြောင်း
ဖြစ်စေကြောင်းတည်း။ ။

လှိုင်မြန်မာ

## သတင်းပဒေသာ

### ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန် အမှတ်(၂) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဌာနမှ ခြင်ဆေးမှုတ်စက်ဖြင့် ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများ လေ့လာဖတ်ရှုနိုင်စေရေး၊ စာအုပ်စာပေများ လေ့လာဖတ်ရှုပြီး ရရှိသည့် အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေစေနိုင်ရေးနှင့် စာအုပ်စာပေများကို ချစ်မြတ်နိုးပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

### စားစရာများ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် နမ့်ယွမ်းချောင်းရေ မြင့်တက်ပြီး ရေကြီးရေလျှံမှုဖြစ်ကာ ဈေးတန်းရပ်ကွက်များအတွင်းရှိ မြေနိမ့်ပိုင်း နေအိမ် ၅၂အိမ်အား ရေနစ်မြုပ်ခဲ့ရာမှ ရေပြန်ကျသွားခဲ့ပြီး ရပ်ကွက်နေပြည်သူများ စားရေးသောက်ရေး အခက်အခဲမရှိစေရန် ယမန်နေ့ညနေ ၃ နာရီက ဈေးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ အလှူရှင်များက စားစရာများ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ကလောချောင်းရေများ ပြန်လည်ကျဆင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီက ကလောချောင်း ရေလျှံမှုဖြစ်ပွားခဲ့ပြီး ယခုအခါ ကလောချောင်းရေများ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ဆေးဝါးပစ္စည်းအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်း ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ ဝယ်ယူစားသုံးရာတွင် အဆင်ပြေစေရန်နှင့် FDA မှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုများ မရှိစေရေးအတွက် ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့က မြို့ပေါ်ရှိ ဆေးဝါးပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မန္တလေး ယူနန်ဘုံကျောင်း အားကစားအဖွဲ့က စုပေါင်းဘုံဆွမ်း လောင်းလှူ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ (၁၁)နှစ်မြောက် ဆဋ္ဌမပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ဘုံဆွမ်းလောင်းလှူပွဲတွင် ဒဟတ္တောကျောင်းတိုက်မှ အပါး ၅၀၊ မဟာဝေယံဘုံသာကျောင်းတိုက်မှ အပါး ၁၀၀၊ ပတ္တမြားကျောင်းတိုက်မှ အပါး ၅၀နှင့် သင်္ဂဇာကျောင်းတိုက်မှ အပါး ၅၀၊ စုစုပေါင်း သံဃာတော် အပါး ၂၅၀တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့နှင့်အတူ ယူနန်ဘုံကျောင်းအားကစားအဖွဲ့က ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၉၃)

## ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်

**ကျွန်းလှ ဩဂုတ် ၂၇**

ကျွန်းလှမြို့နယ်၊ အင်းကောင်းကျေးရွာအုပ်စု၊ အင်းကောင်းကျေးရွာတွင် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီတို့က ပန္နက်ရိုက်ပေးကြကြောင်း သိရသည်။

(၄၈၀)



## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဩဂုတ် ၂၇**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့ ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ အလှူရှင် ကျောက်ဆည်မြို့နယ် သံရွာဈေးတန်းရပ်နေ ဖခင်ကြီး ဦးဘလှိုင် + မိခင်ကြီး ဒေါ်ရီရီတို့အား ရည်စူး၍ (သမီး) ဒေါ်သင်းသင်းနှင့် မောင်နှမတစ်စုတို့က ဆေးပဒေသာပင်အလှူငွေကျပ် ဆယ်သိန်းတိတိကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအဖွဲ့မှူးဦးစိုးမြင့်က လက်ခံရယူပြီး သာဓုအနုမောဒနာ ခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



## ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ (၁၆၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူဒါန်း

**မန္တလေး ဩဂုတ် ၂၇**

ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ၏ (၁၆၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈ လမ်းနှင့်၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ ရုံးရှေ့တွင် ဩဂုတ် ၂၇ရက် နံနက် ၅ နာရီက လောင်းလှူကုသိုလ်ပြုကြသည်။ (ဝဲပုံ)

အဆိုပါဘုံဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃) တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်းသံဃာ အပါး ၁၃၀ကျော်တို့အား ဆွမ်း၊ ကြက်သားအာလူးချက်ဆွမ်းဟင်း၊ ကုလားပဲနှပ်၊ ငါးလေးခြောက်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြကြောင်း သိရသည်။ (၀၉၃)

## ပုဂံမြို့ ခန်းလောင်းရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေးအဆင်ပြေစေရန် ဆန်နှင့် ကြက်ဥ ထောက်ပံ့

**ပုဂံ ဩဂုတ် ၂၇**

ရန်ကုန်မြို့၊ ဝေမျှခြင်း ပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ခန်းလောင်းရပ်ကွက်မှ သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က ဆန်နှင့် ကြက်ဥများ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။

ထိုသို့ အလှူငွေများ လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်၍ ပရဟိတအသင်းသားများက ပုဂံမြို့၊ ခန်းလောင်းရပ်ကွက်ရှိ အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွား ၁၂ ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်၊ ကြက်ဥဆယ်လုံးစီ အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတ၊ ရေလှူအဖွဲ့က ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများနှင့် သက်ကြီးဘိုးဘွားများ စားသောက်ရေး အဆင်ပြေစေရန်အတွက် စေတနာအလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်း၊ ဇီဝိတဒါန အဖြစ် ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါ ဝေမျှခြင်း ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောပြ၍ သိရသည်။

(အောက်ပုံ)(၄၄၅)



# သတင်းစာဆရာတစ်ဦး၏ နောက်ဆုံးခရီး


တစ်လောက ဖြစ်သည်။ ကျွန်တော်တို့ စာပေမောင်နှမတစ်စုသည် ဆရာရွှေ(ရွှေရိုး-မန္တလေး)၏ ဈာပန နောက်ဆုံးခရီးကို လိုက်ပို့ခဲ့ကြသည်။ ဆရာရွှေ၏ ရုပ်ကလာပ်ကိုတော့ မန္တလေးမြို့၏ တောင်ဘက်ရှိ တောင်အင်းမြောက်အင်းသုသာန်ဆီသို့ လိုက်လံပို့ဆောင်ခဲ့ကြ၏။လိုက်ပါပို့ဆောင်သူအများစုမှာ သတင်းစာလောကနှင့် ဆက်နွှယ်နေသူများသာ။ အပြန်တွင် ကျွန်တော်တို့မောင်နှမတစ်စုသည် မြို့သစ်မှာရှိသည့် 'ရွှေမန္တလေးလက်ဖက်ရည်ဆိုင်ကြီး' တွင် ထိုင်ဖြစ်ခဲ့ကြသည်။

အဆိုပါ စကားဝိုင်းတွင် ကျွန်တော်တို့သည် အတိတ်တစ်ချိန်က ဆရာရွှေ၏ ပုံရိပ်များ၊ ဆရာရွှေနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ ဆရာရွှေ၏ ထူးခြားဖြစ်စဉ်များကို ပြောပြနေကြခြင်းဖြစ်၏။ တစ်နည်းပြောရလျှင် ဆရာရွှေ၏ အကြောင်းကို သူတို့အမြင်၊ သူတို့ရှုထောင့်မှနေ၍ ဘက်စုံအောင်၊ ထောင့်စုံအောင် ပြောဖြစ်ခဲ့ကြသည်။

ကျွန်တော့်အနေနှင့်ပြောရလျှင် ဆရာရွှေ၏ ချစ်စရာကောင်းသည့် အမူအကျင့်များ၊ ကျွန်တော်မသိ မမီလိုက်သည့်အကြောင်းအရာများကို အမှတ်မထင် သိခွင့်ရလိုက်သဖြင့် ဆရာရွှေကိုပို၍ လေးစားမိ၏။ အတုယူအားကျမိပါသည်။

ဆရာရွှေရိုး(မန္တလေး)ဆိုသည်မှာ စာရေးဆရာ၊ သတင်းစာဆရာ၊ စာပေချစ်မြတ်နိုးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဟု ဆိုရပေမည်။ ကျွန်တော်သည် ဆရာရွှေ၏ တပည့်ရင်းလည်းဖြစ်ခဲ့၏။ ဆရာနှင့် နီးနီးကပ်ကပ်နေခဲ့ရသူလည်းဖြစ်ပေသည်။ တကယ်တော့ ဆရာရွှေ၏ အမည်ရင်းမှာ 'မောင်ရွှေရိုး' ဖြစ်ပါသည်။ ဆရာရွှေ၏ ချက်မြှုပ်ဇာတိမှာ မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်ကဖြစ်၏။ ဆရာရွှေကို မွေးစဉ်က လူရွှင်တော် 'မောင်ရွှေရိုး'က ခေတ်ထနေချိန်ဖြစ်၏ ဤတွင် ဆရာ၏မိဘတွေက မွေးဖွားလာသည့် သားယောကျ်ားလေးကို 'ရွှေရိုး'ဟု ကင်ပွန်းတပ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

မောင်ရွှေရိုး ကျောင်းသားဘဝက မန္တလေးမြို့မှာရှိသည့် အမျိုးသားကျောင်း ယခု(အ·ထ·က-၂)မှာနေခဲ့၏။ ဆရာရွှေ ခုနစ်တန်းရောက်တော့ ၃၅ကျပ်တန် ကင်မရာလေးတစ်လုံး ကိုင်နေပါသည်။ ထိုစဉ်က ကျောင်းသားလေး မောင်ရွှေရိုးသည် ကျောင်းစာသင်ခန်းထဲမှာထက် ကျောင်းအပြင်ထွက်ပြီး ဓာတ်ပုံတွေရိုက်နေရသည့် အချိန်က ပိုများခဲ့၏။ ငယ်စဉ်ကတည်းက ဇာတိပြနေခဲ့သည်ဟု






ဆိုရပေမည်။ ကျောင်းစာကို သိပ်စိတ်မဝင်စား၊ ဓာတ်ပုံရိုက်နေရသည်ကိုပဲ အားသန်နေ၏။ ဤသည်တို့ကြောင့် မောင်ရွှေရိုးသည် ၁၀တန်းစာမေးပွဲ မအောင်မြင်ခဲ့။ ၁၀တန်းကျသွားပြီးနောက် ကျောင်းဆက်မတက်တော့ဘဲ ဓာတ်ပုံလောကနှင့် သတင်းလောကထဲသို့ မိုက်မိုက်ကန်းကန်းဖြင့် ခြေစုံပစ်ဝင်လာခဲ့သူဖြစ်ပေသည်။

ဤသို့နှင့် ဆရာရွှေသည်'ရွှေမန်းညနေသတင်းစာ'မှာ သတင်းထောက်ပေါက်စအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ တစ်ဖက်ကလည်း ဓာတ်ပုံပညာကို ကြိုးကြိုးစားစားသင်ယူခဲ့ရသည်။ ရွှေမန်းညနေသတင်းစာ အယ်ဒီတာချုပ်ဖြစ်သည့် 'ရွှေမန်းဝင်းမြင့်'သည် ဆရာရွှေ၏ ပထမဦးဆုံးသော လက်ဦးဆရာဟုဆိုပါသည်။ ဆရာရွှေသည် ထိုထိုသောဘဝတွေကိုဖြတ်သန်းရင်း ဗဟိုရ်စည်၊ ဟစ်တိုင်သတင်းစာ၊ ဗမာခေတ်သတင်းစာ၊ မန်းခေတ်သတင်းစာ၊ လူထုသတင်းစာ၊မြန်မာ့အလင်းသတင်းစာ၊ကြေးမုံသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အစရှိသည့် သတင်းစာတိုက်တွေမှာ သတင်းထောက်ကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်ဟု ဆိုပါသည်။

ဤသို့နှင့် ဆရာရွှေသည် 'ရွှေမန်းညနေသတင်းစာ'မှာ သတင်းထောက်ပေါက်စအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ တစ်ဖက်ကလည်း ဓာတ်ပုံပညာကို ကြိုးကြိုးစားစားသင်ယူခဲ့ရသည်။ ရွှေမန်းညနေသတင်းစာအယ်ဒီတာချုပ်ဖြစ်သည့် 'ရွှေမန်းဝင်းမြင့်'သည် ဆရာ ရွှေ၏ ပထမဦးဆုံးသော လက်ဦးဆရာဟုဆိုပါသည်။ ဆရာရွှေသည် ထိုထိုသောဘဝတွေကိုဖြတ်သန်းရင်း ဗဟိုရ်စည်၊ ဟစ်တိုင်သတင်းစာ၊ ဗမာခေတ်သတင်းစာ၊ မန်းခေတ်သတင်းစာ၊ လူထုသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာအစရှိသည့် သတင်းစာတိုက်တွေမှာ သတင်းထောက်ကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်ဟု ဆိုပါသည်။

ဆရာရွှေနှင့်လက်တွဲပြီး အလုပ်တူတူလုပ်ခဲ့ကြသူတွေကတော့ သတင်းစာဆရာကြီး လူထုဦးလှ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးမြမျိုးလွင်၊ ကြေးမုံသတင်းစာတိုက်မှ စိန်ခင်မောင်ရီ၊ ပါမောက္ခချုပ်ဦးကျော်ရင်၊ ဒေါက်တာသန်းထွန်း၊ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာမေမြို့မိုးကြည်၊ ဂုဏ်ထူးဦးသိန်းနိုင်တို့ဖြစ်ကြပေ၏။ ထို့အပြင် စာရေးဆရာမောင်သာနိုး၊ ဆရာမောင်စွမ်းရည်၊ ဆရာတင်မိုး၊ ဆရာကိုလေး(အင်းဝဂုဏ်ရည်)တို့နှင့်လည်း စားဖော်စားဖက်၊ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ခဲ့ရသည်ဟု ဆိုပါသည်။

သည့်နောက် ဆရာရွှေသည် အရွယ်ရောက်လာတော့ မန္တလေးပန်တျာကျောင်းဆင်း မတင်တင်အောင်(ရဟိုင်းဈေးသူ)ကို ခိုးပြေးဖို့ အကြောင်းဖန်လာပေသည်။ အခြားအခြားသော ကာလသားများအတွက် မိန်းမခိုးပြေးရသည့်အလုပ်သည် လွယ်ရင် လွယ်ပါလိမ့်မည်။ ထိုစဉ်က ဆရာရွှေအတွက်တော့ မလွယ်ကူခဲ့။ ချစ်ခင်စုံမက်ခဲ့သည့် ရည်းစားကိုခိုးပြေးရန် အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည်ဟုဆိုပါသည်။ ဤတော့မှ ဆရာရွှေသည် မိန်းမခိုးပြေးရန်အတွက် သူငယ်ချင်းတွေနှင့် 'မောင်'တိုင်ပင်ခဲ့ရသည်။ တိုင်ပင်ခဲ့ရသည့် သူငယ်ချင်းတွေထဲမှ အားတက်သရောနှင့်အကူအညီပေးချင်သူက အခြားသူမဟုတ်။ အတိတ်တစ်ချိန်က ရတနာပုံသတင်းစာတိုက်မှာ စာတည်းမှူးချုပ်လုပ်သွားခဲ့သည် သတင်းစာဆရာကြီး ဦးခင်မောင်ကြီးပင် ဖြစ်၏။

လူပျိုကြီးဘဝနှင့် အရိုးထုတ်သွားခဲ့သည့် ဆရာကြီးခင်မောင်ကြီးက ဆရာရွှေယူမည့်မိန်းမကို သူ့ဆိုင်ကယ်ဖြင့်သွားရောက်ခိုးပေးခဲ့ခြင်းဖြစ်၏။ ဆရာဦးခင်မောင်ကြီးက တူနှစ်ကိုယ်နီးစပ်ဖို့အရေးအတွက် ကူညီပြီး ပါရမီဖြည့်ပေးခဲ့ခြင်းဖြစ်သည်ဟုဆိုရပေမည်။ အတိတ်တစ်ချိန်က ဤကဲ့သို့သစ္စာရှိပြီး ချစ်စရာကောင်းသော အကူအညီပေးတတ်သည့်ဓလေ့မျိုးတွေ တကယ်ရှိခဲ့ပါလားဟု မှတ်ချက်ပြုမိပါသည်။

ဤသို့နှင့် ဆရာရွှေသည် သူ့ဘဝတစ်လျှောက်လုံးမှာ သတင်းတွေရေးခဲ့သည်။ ဆောင်းပါးတွေ ရေးခဲ့သည်။ စာရေးဆရာ၊ သတင်းစာဆရာဆိုသည့် ဂုဏ်ပုဒ်နှင့်အညီ သိက္ခာရှိရှိရပ်တည်ခဲ့သည့် ဣန္ဒြေရှိရှိဖြတ်သန်းခဲ့ရသည်။ အခြားသော စီးပွားရေးလုပ်ငန်းများကိုလည်း ဆရာရွှေ မလုပ်တတ်။ သို့သော် ဆရာရွှေသည် ကိုယ့်မိသားစု စားဝတ်နေရေးအတွက် အငြိမ့်ထောင်ဆရာ၊ တေးသံသွင်းသည့်လုပ်ငန်းနှင့် ဓာတ်ပုံလုပ်ငန်းများကိုတော့ ဘဝဇာတ်ဆရာအလိုကျ လုပ်ကိုင်ခဲ့ရသည်ဟုဆိုပါသည်။ ဤသည်မှာ ဆရာရွှေအကြောင်းကို ကျွန်တော်သိသမျှ ရုပ်လုံးဖော်ပေးခြင်းဖြစ်၏။ ယခုအခါ ဆရာရွှေသည် လူလောကကြီးတွင်မရှိရှာတော့ပေ။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်က ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပေသည်။ စာပေလောကအတွက် နှမြောစရာကောင်းလှပေသည်။

ထိုနေ့က ဆရာရွှေ၏ ရုပ်ကလာပ်ကို ပို့ဆောင်သဂြိုဟ်ပြီး အပြန်တွင် ကျွန်တော်သည် ဆရာရွှေ၏ လုပ်ဆောင်ချက်ပုံရိပ်များကို တဖြည်းဖြည်း မြင်ယောင်လာခဲ့သည်။ ဆရာရွှေသည် သူမကွယ်လွန်ခင် လူ့လောကကောင်းကျိုးအတွက် သူနိုင်သလောက် ထမ်းရွက်ခဲ့သည်ဟုဆို၏။ ဆရာရွှေဆောင်ရွက်ခဲ့သည့် လူသားကောင်းကျိုးသည် အရုပ်မသိသော်လည်း နတ်တွေကသိခဲ့လေပြီ။ တစ်နည်းပြောရလျှင်ဆရာသည် ပကာသနမဖက်ဘဲနှင့် ဒါနတွေဆက်နေသူ။ ဤသည်မှာ အခြားမဟုတ်။ ဆရာရွှေသည် ဆင်းရဲချို့တဲ့ခဲ့သည့် ကလေးငါးယောက်ခန့်ကို မွေးစားခဲ့သည်ဟု သိရသည်။

အဆိုပါကလေးများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဆရာက သူတတ်နိုင်သလောက် ပေးကမ်းထောက်ပံ့ခဲ့သည်ဟုသိရသည်။ တစ်နည်းပြောရလျှင် ကလေးငယ်များ၏ အခက်အခဲများကို တစ်ဖက်တလမ်းကနေ အကျိုးဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါကလေးများသည် သူတို့၏ဘဝကို သူတို့ကျောင်းနိုင်ပြီး လူကောင်း၊သူကောင်းကလေးများဖြစ်လာကြသည်ဟုဆိုပါသည်။ ထို့အပြင် လူ့ဘဝအတွက် အရေးပါအရာရောက်နေကြသည့် လူသူတော်ကောင်းလေးများဖြစ်နေကြလေပြီ။ ဤအတွက်ကြောင့် ကျွန်တော်သည် မုဒိတာပွားရပါသည်။

အချုပ်ဆိုရသော် သတင်းစာဆရာ၊ စာရေးဆရာရွှေရိုး(မန္တလေး)သည် ဤစာပေလောကကြီးမှ အပြီးပိုင်ထွက်ခွာသွားလေပြီ။(တစ်နည်း) သတင်းစာရွှေတစ်ခေတ်ကို ဖြတ်သန်းခဲ့ရသည့် ဆရာရွှေသည် စာပေလောကကြီးမှ ကြယ်ပွင့်ကြီး တစ်ပွင့်ကြွေလွင့်ခဲ့လေသည်။သို့သော်လည်း အထက်မိုးကောင်းကင်မှာတော့ ကြယ်ပွင့်တစ်ပွင့်တိုးခဲ့ပြီဟု ဆိုရပေမည်။ မည်သို့ပင်ဆိုပါစေ လောကကောင်းကျိုးကို မြတ်မြတ်နိုးနိုးနှင့် သယ်ပိုးခဲ့သည့် ဆရာရွှေတစ်ယောက် ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း - - -

မြောက်ပြင်တော်က ကိုရွှေမော်



## ရုံးလုပ်ငန်း(မွမ်းမံ) အမှတ်စဉ်(၁/၂၀၂၄) သင်တန်းပို့ချ

**ရှမ်း ဩဂုတ် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးတွင် ဩဂုတ် ၂၆ နံနက် ၉ နာရီက ရုံးလုပ်ငန်း (မွမ်းမံ) အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းကာလအတွင်း လိုက်နာရမည့် စည်းကမ်းချက်များအား စနစ်တကျလိုက်နာကြရန်နှင့် သင်ကြားပို့ချပေးမည့် ရုံးလုပ်ငန်းဘာသာရပ်များအား စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် မှာကြားခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ဦးစီးမှူးများနှင့်သနေ္တ၊ အရံတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၇)

## အမရပူရမြို့နယ်တွင်ရတနာ့ဂူဘုရားပွဲ အစဉ်အလာမပျက် ကျင်းပ



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးရွာရှိ ရတနာ့ဂူဘုရားပွဲနှင့် နတ်ပွဲကို ဝါခေါင်လပြည့်ကျော် ၇ ရက် ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက ဘုရားပွဲ ဖွင့်ပွဲနှင့်အတူ ပုပ္ပါးမယ်တော်ညီလာခံဖွင့်ပွဲ ပြုလုပ်ခဲ့ပြီး ဝါခေါင်လပြည့်ကျော် ၁၄ ရက်ထိ ၈ ရက်ကြာသည်ထိ စဉ်လာမပျက် ကျင်းပမည် ဖြစ်သည်။

အဆိုပါပွဲတော်မှာ အင်းဝဘုရင်မင်းကြီးစွာစော်ကဲ လက်ထက်စတင်ကျင်းပခဲ့ပြီး အမရပူရခေတ်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် နတ်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာမှ ဘုရားပွဲမှနတ်ပွဲအဖြစ် လူသိများခဲ့ကြောင်း ရတနာ့ဂူဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

စဉ်လာမပျက်ကျင်းပရာတွင် ဝါခေါင်လပြည့်ကျော် ၇ ရက် နံနက် ၈ နာရီတွင် ရတနာ့ဂူဘုရားပွဲနဲ့ ပုပ္ပါးမယ်တော်ကြီး ညီလာခံဖွင့်ပွဲ ကျင်းပပြီးနောက် ရာထူးရာခံရရှိ ထားသောသိုးဆောင်းနှင့် ဗောင်းတော်ဆောင်း မိဖုရားကြီး ပေါင်း ၃၆ ယောက်၏ တက်ပွဲ၊ ချေ့ပွဲများ ကျင်းပကြောင်း၊ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ချိုးရေတော်သုံးပွဲ၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်များ နန်းတက်ပွဲများကျင်းပ၍ ၁၄ ရက် နံနက် ၇ နာရီတွင် သံဃာတော်တို့အား ဆွမ်းဆက်ကပ်ခြင်းနှင့် ဆွမ်းကြီးလောင်းပွဲ၊ မွန်းလွဲ ၂ နာရီတွင် ထိန်ခုတ်ပွဲ ကျင်းပပြီး မူလနန်းရင်းသို့ ပြန်လည်ပို့ဆောင်မည် ဖြစ်သည်။

"ပွဲတော်မှာ ဈေးဆိုင်ခန်းတွေက အောက်နန်းနဲ့ အလယ်နန်းမှာ အပြည့်ရှိတယ်။ မယ်တော်ထံ လာရောက်ခစားကြတဲ့ နတ်ကတော်တွေကတော့ အရင်နှစ်တွေထက် နည်းတယ်။ တောင်ပြုန်းပွဲပြီးတာနဲ့ ရတနာ့ဂူဘုရားပွဲကို နတ်ကတော်တွေ ကူးလာကြတော့ ပွဲမစမီကတည်းက ရောက်နေသူတွေရှိတယ်" ဟု ဆက်လက်ပြောကြားသည်။

မူလနန်းရင်းနေရာသည် ဧရာဝတီမြစ်ရေကြီးချိန်ဖြစ်သည့်အတွက် မူလနန်းရင်းနေရာသည် ရေမြုပ်သည့်အတွက် ရေလွတ်ရာတွင် နန်းတက်ပွဲကျင်းပကြောင်း၊ တက်ပွဲများကျင်းပရာတွင် တက်ပွဲ တစ်ပွဲလျှင် သာသနာအလှူငွေ၊ ပဌာန်းအလှူငွေနှင့် တက်ပွဲကြေး ကုန်ကျမှု စုစုပေါင်းမှာ ငွေကျပ် ၂ သိန်းဝန်းကျင် ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

*-*-*-*-*

## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး စတင်စိုက်ပျိုး

**မိတ္ထီလာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါး စိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန်သတ်မှတ်လျာထားပြီး မိုးစပါးများကို ဩဂုတ် ပထမပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးစပါးကို ဆည်ရေကန်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ ဆည်ရေကန် ရေမရသည့်ဒေသများတွင် မိုးကောင်းရေသောက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၄- ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မိုးစပါးများကို ဩဂုတ် ပထမပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့် စနစ်၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့် စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခမျိုး စပါးများကို အဓိကစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးစိုက်ပျိုးဧက ၁၂၃၅ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်တောင်သူများ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများလျော့နည်းစေရေး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဟောပြောခြင်း၊ စိုက်ကွင်းသရုပ်ပြသခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ယာပုံ)(၄၆၉)

## မိုးနှမ်းများ အထွက်နှုန်းကောင်းကာ ဈေးကောင်းရရှိ

**မင်းဘူး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးသည့် မိုးနှမ်းသီးနှံများကို လယ်ယာမြေများတွင် မေလလယ်ခန့်က စတင်စိုက်ပျိုးထားသည့်နှမ်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းကာ ဈေးကောင်းရရှိကြကြောင်း ရေပုတ်ကျေးရွာ နှမ်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် မေလလယ်ခန့်က ရွာသွန်းခဲ့သည့် မိုးရေအစိုဓာတ်ဖြင့် မိုးနှမ်းများကို စတင်ထွန်ယက် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ နှမ်းသီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်းပြီး နှမ်းဈေးနှုန်းများလည်း ကောင်းကာ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀ ဈေးဖြင့် ရောင်းချရသည်။

ယခုအချိန်တွင် တောင်သူများအနေဖြင့် မိုးနှမ်းများရိတ်သိမ်းနေပြီး နှမ်းရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်း၊ ပဲပုပ် စသည့် သီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဟုသိရကာ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်၊ သီးညှပ်များစိုက်ပျိုးရန်အတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်များကိုလည်း ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း ရေပုတ်ကျေးရွာနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

(၅၀၄)

*-*-*-*-*

*-*-*-*-*-*

## အိုင်အိုဒင်းဆားသုံးစွဲရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်



**မင်းလှ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ အိုင်အိုဒင်းဆားသုံးစွဲရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ဇေယျာသီရိဈေးတွင် အိုင်အိုဒင်းဆား ရောင်းချခြင်း၊ ဝယ်ယူစားသုံးခြင်း ရှိ၊ မရှိ ဈေးဆိုင်များအားစစ်ဆေးခြင်း အသိပညာပေးဆွေးနွေးခြင်းကို ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

(ဝဲပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဇေယျာသီရိဈေးတွင် ဈေးရောင်းချနေသော ဈေးသည်များအနေဖြင့် အိုင်အိုဒင်းဆားရောင်းချမှု ရှိ၊ မရှိနှင့် ဝယ်ယူစားသုံးမှု ရှိ၊ မရှိတို့အား စစ်ဆေးပြီး အိုင်အိုဒင်းဆားသုံးစွဲခြင်းဖြင့် ရရှိစေသောအကျိုးကျေးဇူးများအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

စာစာ(အထက်မင်းလှ)

တိုက်တာဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့် သစ်ပင်
မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း
စိတ်ပင်ပန်း၏။

# နံရံစာများ

နံရံစာများဆို၍ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၌ ပါရှိသော ကျောက်စာ၊ ပေစာ၊ ပုရပိုဒ်စာ၊ မင်စာစသည်များနှင့် အမှတ်မမှားကြရန် ကြိုတင်မေတ္တာရပ်ခံလိုပါသည်။ ကျွန်တော်ပြောချင်သော နံရံစာများမှာ နံရံများပေါ်၌ ရေးခြစ်ထားသော စာများကို ဆိုလိုခြင်းသာ ဖြစ်ပါသည်။

နံရံစာများကို မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် တွေ့ရတတ်ပါသည်။ တန်ခိုးကြီးဘုရားများ၏ ဇရပ်၊ တန်ဆောင်းနံရံများ၊ အုတ်တံတိုင်းနံရံများ၊ ထိုင်ခုံတန်းကျောမှီများ၊ ရှေးဟောင်းအမွေအနှစ်နေရာများ၌ပါမကျန် နံရံစာများကို ရေးခြစ် ထားတတ်ကြသည်။

ဖော်ပြပါနေရာများတွင် ဘုရားဖူးပြည်သူများ၊ ဗဟုသုတ အဖြစ် လာရောက်လေ့လာဆည်းပူးလိုသူများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရန်အတွက် ကောင်းမြတ်သော စေတနာဖြင့် စနစ်တကျ တည်ဆောက်ပြုပြင်လှူဒါန်း ဆေးသုတ်သည်။ တစ်နည်းအားဖြင့် ကောင်းမှုကုသိုလ်ပြုပြီး လောကကို အလှဆင်ထားခြင်းသာ ဖြစ်ကြသည်။ နံရံစာရေးခြစ်သူက ဘာရယ်မဟုတ်၊ တဒင်္ဂ မိမိစိတ်ဆန္ဒ၌ ဖြစ်ပေါ်မှုကို အာသာပြေစေရန် ရေးခြစ်ထားမှုများကို မြင်ရ၊ တွေ့ရသည်မှာ ရုပ်ဆိုးအကျည်းတန်လွန်းလှသည်။ ၎င်းနံရံစာများအဖြစ် ရေးခြစ်ထားကြသော အကြောင်းအရာများကို ဖတ်ရှုစိစစ်မည်ဆိုပါက တဒင်္ဂစိတ်ဆန္ဒ၌ ဖြစ်ပေါ်မှုကိုသာ ဦးစားပေးထားကြောင်း အကဲဖြတ်နိုင်ပါသည်။"ဘာ သင်တန်း အပတ်စဉ်ဘယ်လောက်က ဘယ်သူတွေ ရောက်ခဲ့ကြသည်"၊ "တစ်သက်မမေ့ကြေး"၊"ပြန်လည် ဆုံဆည်းပါစေ"စသည့် စာသားများဖြစ်သည်။ ၎င်းစာသားများတွင် စာလုံးပေါင်းသတ်ပုံ အမှားအယွင်းများစွာကိုလည်း တွေ့မြင်ရသည်။ တချို့က အဓိပ္ပာယ်အမျိုးမျိုးဆောင်သော ကဗျာတိုများကို ရေးသားထားကြသည်။ ထို့အပြင် အသဲပုံ၊ အသဲ မြှားစိုက်ပုံ၊ လူပုံ၊ ခွေးပုံ၊ ကြောင်ပုံ၊ နေထွက်ပုံများကိုလည်း ကမ္ဘာဦးလူသားများ ဂူနံရံ၌ ရေးခြစ်ထားသလို ရေးခြစ်ထားကြသေးသည်။ ထို့ထက်ပို၍ ဆိုးဝါးသော နံရံစာများကို အများသုံးအိမ်သာနံရံများတွင် တွေ့မြင်ရသည်။ မောင်နှင့်နှမ၊ သားနှင့်အမိ မဖတ်ဝံ့သည့် ညစ်ညမ်းစာများ၊ ရုပ်ပုံများကို ရေးခြစ်ထားတတ်ကြသည်။

နံရံစာများကို ရေးသားရာတွင် မြေဖြူခဲ၊ ဘောလ်ပင်၊ ဆော့ပင်၊ မင်ဖျက်ဆေး၊ မီးသွေးခဲ၊ သံချောင်းအချွန်များ စသည်တို့ကို အသုံးပြုရေးသားသည်။ ၎င်းနံရံစာများကို လေ့လာခြင်းအားဖြင့် ရေးသားသူရေးခြစ်သူများသည် လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်များ မဖြစ်နိုင်ဘဲ ဆယ်ကျော်သက်အရွယ် လူငယ်အများစု၏ လက်ချက်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်ကပို၍ စိုးရိမ်နေမိပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်မည့်သူများအား တဒင်္ဂစိတ်ဆန္ဒကို ဦးစားပေးတတ်သူများ မဖြစ်စေလိုပါ။ မိမိက ရေးတော့ ရေးပြီးသွားပြီ မိမိအတွက် ဘာမျှအကျိုးမရှိလိုက်။ သို့သော် လူမျိုးတစ်မျိုး၏ စည်းကမ်းမဲ့မှုနှင့် စာရိတ္တမကျိုင် ယိမ်းယိုင်နေမှုကို မီးမောင်းထိုးပြထားသလို တွေ့မြင်နေရသည်။ ထို့ထက် ပို၍ တစ်ဆင့်တွေးမည်ဆိုပါက ရှေးဟောင်းအမွေအနှစ် ဖြစ်လာနိုင်သော ယဉ်ကျေးမှုပစ္စည်းများ၏ ဂုဏ်ဒြပ်ကိုလည်း ထိခိုက်ညှိုးနွမ်းစေမည်ဖြစ်ပါသည်။ ဘာဆိုဘာမျှ အကျိုးမရှိနိုင်သည်ကိုသာ တွေ့မြင်နေရပါသည်။

လွန်ခဲ့သော တစ်လခန့်က မင်းကွန်းသို့ ရောက်ခဲ့သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား(ပဒုံမင်း)တည်ခဲ့သော ပုထိုးတော်ကြီး၊



ခြင်္သေ့ကြီးနှင့် မင်းကွန်းခေါင်းလောင်းကြီးတို့အား တွေ့မြင်ခဲ့ရသည်။ ပုထိုးတော်ကြီးမှာ နဂိုတည်းက အပြီးမသတ်နိုင်ခဲ့။ ဧရာဝတီမြစ်ကမ်းနဖူးရှိ ခြင်္သေ့ကြီးမှာလည်း ကာလရှည်ကြာ မြစ်ရေတိုက်စားထား၍ ရုပ်လုံးမပီပြင်တော့။ မင်းကွန်းခေါင်းလောင်းကြီးကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြတ်နိုးစွာ ကြည့်ရှုပြီး အမှတ်တရ ဓာတ်ပုံရိုက်ခဲ့သည်။ မင်းကွန်းခေါင်းလောင်းကြီး၏ အလေးချိန် ပိဿာကို နောင်းလူများ မှတ်ရလွယ်အောင် ခေါင်းလောင်းကြီးပေါ်၌ "မင်းဖြူမှန်မှန်ပြော"ဟု ရေးထိုးထားသည်။ မြန်မာနေ့နာမ်အရ ငါးခုမြောက်ကြာသပတေးနေ့ နာမ်စာလုံးများဖြစ်သည်။ ထို့အပြင် ၎င်းစာလုံးများအောက်ခြေ၌ "၅၅၅၅၅"ဟု အလေးချိန်ပိဿာကို ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းကြီးဖြစ်ကြောင်း၊ ခေါင်းလောင်းကြီး၏ အပြင်အတွင်း၊ အမြင့်၊ အချင်း၊ အတိုင်းအတာများကို ကျောက်စာတွင် ဖော်ပြထားသည်။ ၎င်းကျောက်စာအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ရေးထိုး၍ ခေါင်းလောင်းကြီးရှေ့တွင် ဂုဏ်ယူစွာ စိုက်ထူထားသည်။ ခေါင်းလောင်းကြီးကို နှစ်ပတ်သုံးပတ်ခန့် လှည့်လည်ကြည့်ရှု လေ့လာပြီးနောက် ရောက်တုန်းရောက်ခိုက် ခေါင်းလောင်းကြီးအောက်သို့ ဝင်ကြည့်လိုက်သည်။ ထိုအခါ ကျွန်တော်ပြောသော နံရံစာများကို တွေ့ရပါတော့သည်။ ရေးခြစ်ထားလိုက်ရကြသည်မှာ ခေါင်းလောင်းကြီးအတွင်းပိုင်း ပတ်ပတ်လည် အပြည့်ဖြစ်သည်။ ရေးခြစ်၍ရသည့် အရာမျိုးစုံနှင့် ရေးခြစ်ထားသော လက်ရေးမျိုးစုံ၊ အရွယ်အစားမျိုးစုံ၊ အကြောင်းအရာမျိုးစုံ၊ မညီမညာ ဟိုတစ်ကြောင်း ဒီတစ်ကြောင်း ဟိုနေရာ သည်နေရာအနှံ့ မြင်မကောင်းအောင်ပင် ဖြစ်တော့သည်။ မိမိနိုင်ငံ မိမိလူမျိုး၏ ယဉ်ကျေးမှု အမွေအနှစ် လက်ရာအဖြစ် တန်ဖိုးထားရကောင်းမှန်း မသိကြလေရော့သလား။

အလားတူနံရံစာများ စည်းကမ်းမဲ့ရေးသားထားခြင်းကို မန္တလေး မဟာမုနိဘုရားကြီးရှိ ကြေးမောင်းတော်ကြီး၏ နောက်ကျောတွင်လည်း တွေ့ရသည်။ ကြေးမောင်းကြီးကို အများပြည်သူကြည့်ရှုနိုင်ရန် မဟာမုနိဘုရားကြီး မြောက်ဘက်စောင်းတန်းအနီး ဘုရားရင်ပြင်တော်ပေါ်၌ စနစ်တကျ အဆောက်အအုံ ဆောက်လုပ်လှူဒါန်းပြသထားသည်။ ကြေးမောင်းကြီး၏ ရှေ့မျက်နှာစာပေါ်၌ "ချမ်းအေးပြည်သာ ချိန်ပိဿာမင်္ဂလာ အောင်မောင်းတော်"ဟု ရေးထိုးထားသည်။ မြန်မာနေ့နာမ်အရ-

| | | | | |
|---|---|---|---|---|
| ချမ်း | = | တနင်္လာနာမ် | = | ၂ |
| အေး | = | တနင်္ဂနွေနာမ် | = | ၁ |
| ပြည် | = | ကြာသပတေးနာမ် | = | ၅ |
| သာ | = | သောကြာနာမ် | = | ၆ ဟု |

မှတ်ယူနိုင်သဖြင့် ကြေးမောင်းကြီး၏ အလေးချိန်မှာ ၂၁၅၆ ပိဿာရှိကြောင်း အလွယ်တကူ မှတ်သားနိုင်ပါသည်။ "ဦးညိမ်+ဒေါ်ရှိဂျို လှူဒါန်းဘိ မုနိဘဏ္ဍာတော်"ဟု အလှူရှင်၏ အမည်ကိုလည်း ဖော်ပြထားပါသည်။ "အောင်စွာစီစစ် သက္ကရာဇ် သွန်းလစ်အခါတော်"ဟု ရေးထိုးထားပြန်ရာ မြန်မာနေ့နာမ်အရ -

| | | | | |
|---|---|---|---|---|
| အောင် | = | တနင်္ဂနွေနာမ် | = | ၁ |
| စွာ | = | အင်္ဂါနာမ် | = | ၃ |
| စီ | = | အင်္ဂါနာမ် | = | ၃ |
| စစ် | = | အင်္ဂါနာမ် | = | ၃ ဖြစ်သဖြင့် |

ကြေးမောင်းကြီးအား မြန်မာသက္ကရာဇ် ၁၃၃၃ခုနှစ်တွင် သွန်းလုပ်ခဲ့သည်ကိုလည်း မှတ်သားနိုင်ပါသည်။ ယခု မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ရာ ကြေးမောင်းကြီးမှာ သက်တမ်းအားဖြင့် ၅၃နှစ်ရှိပြီဖြစ်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခု မဖြစ်သေးပါ။ သို့သော် မြန်မာ့ယဉ်ကျေးမှု လက်ရာအမွေအနှစ်အဖြစ် တန်ဖိုးထားရမည်ဖြစ်ပါသည်။ အောက်ခြေတွင် ကြေးမောင်းကြီး၏ ကြေးသွန်းဆရာမှာ ဦးဘရင်၊ ဘုရားကြီး၊ ဗထူးလမ်း၊ မန္တလေးမြို့နေသူဖြစ်ကြောင်းကိုလည်း ရေးထိုးထားပါသည်။ ဗထူးလမ်းမှာ ယခုအခါ ဘုရားကြီးမြောက်ဘက်ရှိ ၄၅လမ်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုသို့ စနစ်တကျ သွန်းလုပ်လှူဒါန်းပြီး စနစ်တကျ မှတ်တမ်းတင်ထားရှိခဲ့သော ကြေးမောင်းကြီး၏ နောက်ကျောဘက်၌ကား သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး ယုတ်လျော့ကျဆင်းစေသည့် နံရံစာများ ဗရပွ ရေးခြစ်ထားသည်မှာ မြင်၍မကောင်းအောင်ပင် ရှိပါတော့သည်။ အလားတူ အင်းဝရှိ မယ်နုအုတ်ကျောင်းရှိ သစ်သားတံခါးများတွင်လည်း ရေးခြစ်ထားသည်ကို တွေ့ခဲ့ရသည်။

ဤသည်တို့မှာ ကျွန်တော်ရောက်တုန်းရောက်ခိုက် အမှတ်ထားမိသော နံရံစာများဖြစ်ပါသည်။ ကျွန်တော် အမှတ်မထားခဲ့မိသော ဖြတ်သွားဖြတ်လာတွေမြင်ခဲ့ရသည့် နံရံစာများ များစွာရှိအုံးမည်ဖြစ်ပါသည်။ ရှေ့ကလူက ရေးသွားကြ၍ နောက်လူကလည်း ရေးသွားခဲ့ကြသည်။ ကာလကြာသော် စည်းမဲ့ကမ်းမဲ့ နံရံစာများ ပွစာကြဲ၍ နေတော့သည်။ စည်းကမ်းရှိမှ တိုးတက်မည်ဟု ဆိုရာ၌ စည်းကမ်းမဲ့သော အကြောင်းရင်းများစွာရှိပါသည်။ ၎င်းအကြောင်းရပ်များစွာထဲတွင် နံရံစာများလည်း ပါဝင်ပါသည်။ မိမိအတွက်လည်း အကျိုးမရှိ၊ အခြားသူတစ်ဦးတစ်ယောက် အတွက်လည်း အကျိုးမရှိ၊ တန်ဖိုးထားမြတ်နိုးဂုဏ်ယူဖွယ်ကောင်းသော ယဉ်ကျေးမှုအမွေအနှစ်များ၏ ဂုဏ်ရည်ကို နိမ့်ကျစေသလို လောက၏ အလှတရားများကိုလည်း ပျက်စီးယုတ်လျော့စေနိုင်ပါသည်။ ၎င်းနံရံစာများရေးသားခြင်း၊ ရေးခြစ်ခြင်းများ မရှိစေရေး ဝိုင်းဝန်းဆွေးနွေး ပညာပေး တားမြစ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ထိန်ထိန်လင်း**

# မျောက်ကျောက်ရောဂါ သတိပြုကြကွယ်ပါ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ခုနှစ် ဩဂုတ် ၁၄ရက်တွင် မျောက်ကျောက်ရောဂါ(Mpox) ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ မျောက်ကျောက်ရောဂါသည် ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊ ရောဂါပိုးရှိသူနှင့်အရေပြားချင်း ထိတွေ့ခြင်း၊ နမ်းရှုံ့ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊ ရောဂါပိုးရှိသူနှင့်မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှ တစ်ဆင့်ကူးစက်ခြင်း(စကားပြောခြင်း၊ အသက်ရှူခြင်း)ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှ တစ်ဆင့်ကူးစက်ခြင်း၊ ရောဂါပိုးများကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့်ကူးစက်ခြင်း၊ Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့်တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့်ကူးစက်ခြင်း၊ မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးဖွားပြီးနောက်တွင် ကူးစက်နိုင်ပါသည်။

ရောဂါပိုးဝင်စတင်ဝင်ရောက်ပြီး ၁ရက်မှ၂၁ရက်အတွင်းရောဂါလက္ခဏာများစတင်ဖြစ်ပွားနိုင်သည်။ မျက်နှာ၊ ပါးစပ်၊ လက်နှင့်ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊ ဖျားခြင်း၊ အကျိတ်များရောင်ရမ်းခြင်း၊ လည်ချောင်းနာခြင်း ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ မောပန်းခြင်းများ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ ပြတတ်သည်။

မျောက်ကျောက်ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများ ရှောင်ကြဉ်ရမည်။ အနီးကပ် ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ရမည်။ သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်နှာခေါင်းစည်း(Mask)တပ်ဆင်ပါ။ လက်ကို ဆပ်ပြာနှင့်ရေ(သို့မဟုတ်)အယ်လ်ကိုဟောအနည်းဆုံး ၆၀ရာခိုင်နှုန်းပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျ ဆေးကြောပါ။ လက်မဆေးဘဲ ပါးစပ်၊နှာခေါင်း၊မျက်လုံးကိုကိုင်တွယ်ခြင်းမပြုရန်နှင့်တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ။ နှာချေ၊ချောင်းဆိုးသည့်အခါ လက်ကိုင်ပဝါ (သို့မဟုတ်)တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။ အိပ်ရာခင်း၊မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့် အသုံးအဆောင်ပစ္စည်းများကို ရေ၊ဆပ်ပြာနှင့်စနစ်တကျ လျှော်ဖွတ်ပါ။ တိရစ္ဆာန်များကို အကာအကွယ်မပါဘဲမထိတွေ့ရန်နှင့် အသားများကို ကျက်အောင် ချက်ပြုတ်စားသုံးရန်လိုအပ်ပါသည်။ မျောက်ကျောက်ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့စစ်ဆေး၊စမ်းသပ်မှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထားသည်။

**မောင်ပြည်သူ(မန္တလေး)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမှုအကျင့်ကောင်းများပင်ဖြစ်...

❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အစပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စ မာကျား ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၌ တရုတ်နိုင်ငံက ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း အမြန်ဆုံးပြီးစီးလည်ပတ်နိုင်ရေးအတွက် ရိုးမတ်နည်းစဉ်အသုံးပြု သံရည်ကျိုမီးဖို၊ အောက်ဆီဂျင် အလုပ်ရုံတို့တွင် စက်ပစ္စည်းများ တပ်ဆင်ရေး၊ စမ်းသပ်လည်ပတ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်မူဘောင်လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးညှိနှိုင်းနေမှု၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးရေး၊ နှစ်ဖက်အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီးစီးပါက စာချုပ်မူဘောင် လက်မှတ်ရေးထိုးရေး၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံက ကူညီဆောင်ရွက်ပေးရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစွာဖြင့် လက်တွဲဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်